ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ Thursday 21 February 2019 ၉၅၆၉

**ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ**
**မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိ ဟူသောအစာကို စားသုံး၍ နေနိုင်ကုန်၏။ (ထိုသို့ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)**
သုခဝဂ်(ဓမ္မပဒ-၂၀၀)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ချင်းအမျိုးသားနေ့ အခမ်းအနား တက်ရောက်

## ပြည်ထောင်စုကြီး တည်တံ့ရေးအတွက် ဥမကွဲ၊ သိုက်မပျက် အားလုံးကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်း



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ချင်းအမျိုးသားနေ့ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

**ဟားခါး ဖေဖော်ဝါရီ ၂၀**

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သည့် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို တက်ရောက်သည်။

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဦးဟန်ဇော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

### ကြိုဆို

နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ပြည်ထောင်စုဝန်ကြီးများသည် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပမည့် ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်းသို့ ရောက်ရှိကြရာ ဒေသခံချင်းတိုင်းရင်းသားများက ဂုဏ်ပြုပန်းစည်းများပေးအပ်၍ ရင်းရင်းနှီးနှီး ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍




C B BANK
ကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုနှင့် ငွေကြေးထောက်ပံ့မှုများ
Best Trade Finance Bank
2018 (Asset Triple A) (The Asian Banker)
Tel : +95 1 2317 770 STU : +95 1 2317 698 STU@cbbank.com.mm

# ကြေးမုံ

## ပြည်သူလူထုအကျိုးအတွက် ပြောင်းလဲပြင်ဆင်

ပြည်သူလူထုသည် ပြည်သူတို့၏ လူမှုဘဝမြင့်မားတိုးတက်ရေးအတွက် အပြောင်းအလဲကို အလိုရှိကြသည်။ အပြောင်းအလဲကို အလိုရှိသည့် ဆန္ဒအတိုင်း အပြောင်းအလဲများအား ဖော်ဆောင်ပေးမည့်ပြည်သူ့အစိုးရကို တစ်ခဲနက်ထောက်ခံရွေးချယ်ခဲ့ကြသည်။ ပြည်သူ့အစိုးရ နိုင်ငံ့တာဝန်ယူပြီး ပြည်သူလူထု၏ တိုးတက်ပြောင်းလဲလိုသော ဆန္ဒနှင့်အညီ ပြုပြင်ပြောင်းလဲမှုများ၊ အပြောင်းအလဲများကို အမျိုးမျိုးဖော်ဆောင်ခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံ၏ပကတိလိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် အားကြိုးမာန်တက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့ကို အကောင်အထည်ဖော်ရာတွင် အဓိကလိုအပ်ချက်မှာ ယုံကြည်မှုပင် ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမပြည်သူလူထုအကြား သံသယစိတ်များကင်းစင်ကာ ခိုင်မာသည့်ယုံကြည်မှုဖြင့် ရည်မှန်းချက်ကို ဆွေးနွေးညှိနှိုင်းအဖြေရှာကြရမည် ဖြစ်သည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မခွဲခြားဘဲ ဒီမိုကရေစီအသီးအပွင့်များကို မျှဝေခံစားနိုင်ရန်အတွက်လည်းကောင်း ပြုပြင်ပြောင်းလဲမှု ကဏ္ဍအမျိုးမျိုးတို့ကို အကောင်အထည်ဖော်ရင်း ဒီမိုကရေစီကျင့်စဉ်နှင့် ဖက်ဒရယ်မူများနှင့်အညီ မိမိတို့နိုင်ငံနှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့နိုင်ငံတော်တွင် အာဏာတည်နေသည်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် တပ်မတော်အစိုးရလက်ထက်တွင် ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းသည့် ပထမအကြိမ် လွှတ်တော်သက်တမ်း၌ ပထမကြိမ်ပြင်ဆင်ခဲ့ပြီး ယခုဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် ဒီမိုကရေစီကျင့်စဉ်နှင့် ဖက်ဒရယ်မူများနှင့်အညီ မိမိတို့နိုင်ငံနှင့်သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးကို လွှတ်တော်အတွင်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေသည်။

ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီကို ကိုယ်စားလှယ် ၄၅ ဦးဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ရေးအတွက် အမိန့်ကြော်ငြာစာမူကြမ်းကို အတည်ပြုနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတွင် ဦးတည်ချက် ငါးရပ်၊ တာဝန် ၁၄ရပ်၊ လုပ်ပိုင်ခွင့် ခြောက်ရပ်၊ လုပ်ထုံးလုပ်နည်း လေးရပ်၊ ရပိုင်ခွင့် လေးရပ်တို့ပါရှိပြီး ပူးပေါင်းကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်အချိန်မှ အစီရင်ခံစာတင်သွင်းခြင်း၊ ယင်းအစီရင်ခံစာအပေါ် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူခြင်းတို့ကို ဆောင်ရွက်ပြီးမြောက်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်အား ပြုစုရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီးသည်အထိ ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများကို ကျော်လွန်လုပ်ဆောင်ခြင်းမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်၏ အဓိကအကျဆုံးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ် ပေါ်ပေါက်ရေးကိုသာ ယခုလက်ရှိ ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏အရေးကြီးသော အသက်ဝိညာဉ်ဖြစ်ပြီး နိုင်ငံနှင့် ပြည်သူကို ခေတ်ကာလအခြေအနေနှင့်ကိုက်ညီစွာ အကျိုးပြုနိုင်ရန်အတွက် ပြန်လည်ပြင်ဆင်ရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ ယခုဆောင်ရွက်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် ဖြတ်လမ်းနည်းဖြင့် ပြင်ဆင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းလည်းမဟုတ်၊ တစ်ပါတီ၊ တစ်စုတစ်ဖွဲ့မှ ဆောင်ရွက်ခြင်းလည်း မဟုတ်သဖြင့် ပြည်သူလူထု၏ ဆန္ဒအစစ်အမှန်နှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို အားလုံးအတူတကွ ပူးပေါင်းပါဝင်၍ ဥပဒေနှင့်အညီ စနစ်တကျကြိုးပမ်းအကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တိုင်းရင်းဆေးပညာသုတေသနစာတမ်းဖတ်ပွဲ တက်ရောက်




**မန္တလေး ဖေဖော်ဝါရီ ၂၀**

နဝမအကြိမ် တိုင်းရင်းဆေးပညာသုတေသနစာတမ်းဖတ်ပွဲ (The 9th Traditional Medicine Research Congress) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၌ ကျင်းပသည်။

**ပူးပေါင်းလက်တွဲ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေး ပညာရပ်တစ်ခုလုံး ဘက်စုံ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် သုတေသနလုပ်ငန်းများသည် မရှိမဖြစ် အဓိကအရေးကြီးကြောင်း၊ တိုင်းရင်းဆေး ပညာရပ်နှင့်ပတ်သက်၍ ကုသမှု၊ သင်ကြားမှု၊ ဆေးဖက်ဝင်ပစ္စည်းများနှင့် အပင်များ စိုက်ပျိုးထုတ်လုပ်မှု၊ ဆေးဝါးထုတ်လုပ်မှု၊ ပြည်သူများ၏ တိုင်းရင်းဆေးပညာအပေါ် သဘောထားအမြင်စသည့် ကဏ္ဍပေါင်းစုံ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ ပိုမိုအားဖြည့် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဆေးစွမ်းထက်မြက်သော ဘယဆေးပင်များ ပိုမိုစိုက်ပျိုး၊ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် သုတေသနများကိုလည်း စိုက်ပျိုးရေးပညာရှင်များ၊ သစ်တောပညာရှင်များ၊ ရုက္ခဗေဒပညာရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ သုတေသနပညာရှင်များနှင့် ပူးပေါင်းလက်တွဲ၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခု တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲတွင် တိုင်းရင်းဆေး၊ ပြည်သူ့ကျန်းမာ၊ ဆေးသုတေသန၊ ရုက္ခဗေဒ၊ ဆေးဝါးစသည်ဖြင့် ကဏ္ဍပေါင်းစုံမှ ပညာရှင်များ ပူးပေါင်းလုပ်ဆောင်ထားသော သုတေသနများ ပါဝင်သည်ကို တွေ့ရှိရပြီး သုတေသနများသည် အရည်အသွေးပြည့်ဝကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ သုတေသနစာတမ်းများနှင့် ပိုစတာများကို ဆုရွေးချယ်ရေးအဖွဲ့ကပထမ၊ ဒုတိယနှင့် တတိယဆုများသတ်မှတ်၍ ဆုကြေးငွေနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ စာတမ်းများဖတ်ကြားတင်ပြကြရာတွင်မေးမြန်းဆွေးနွေးရန် အချိန်သတ်မှတ်ထားရန် လိုကြောင်း။

**ဆွေးနွေးသုံးသပ်**

ထပ်မံကျင်းပမည့် စာတမ်းဖတ်ပွဲများသို့ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ တိုင်းရင်းဆေးပညာရှင်များကို ဖိတ်ကြားရန်လိုကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်တွင် ယခုကဲ့သို့ စာတမ်းဖတ်ပွဲများမှ သုတေသနစာတမ်းများကို ဆွေးနွေးသုံးသပ်ခြင်းဖြင့် ဆွေးနွေးပွဲများ ပိုမိုပြုလုပ်သွားရန်လိုကြောင်း၊ ဆက်လက်၍လည်း ပညာရပ်၊ ဌာန၊ နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရှိမည့် သုတေသနများ လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေက နဝမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသော တိုင်းရင်း ဆေး သုတေသနပိုစတာများကို လှည့်လည်ကြည့်ရှုသည်။

တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ၌ သုတေသနစာတမ်း ၃၉ စောင်နှင့် သုတေသနပိုစတာ ၁၁ ခုတို့ ပါဝင်ခင်းကျင်း ပြသဆွေးနွေးသွားမည် ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးမိတ်နှင့် အဖွဲ့ဝင်များကိုတွေ့ဆုံ၍ တိုင်းရင်းဆေးပညာရပ် ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဓမ္မာရုံတွင် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရဲဓမ္မာရုံကြီးကြပ်မှုကော်မတီကဦးစီး၍ ဆဋ္ဌမအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဦးထောင်ဘိုလမ်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓမ္မာရုံကြီးတွင် ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခေမာသီဝံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒိမာထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ကြပြီး အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကိုက ဝမ်းမြောက်စကားလျှောက်ထားကာ ခေမာသီဝံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒိမာနှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရွတ်ဖတ်ပူဇော်ပွဲသို့ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကိုနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **ကိုရဲ**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်(ရွှေဈေး) ၁၀၈၇၅၀၀ - ၁၀၈၇၅၀၀ မန္တလေး(ရွှေဈေး) ၁၀၈၇၅၀၀ - ၁၀၈၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၄၀/၉၀၅ ကျပ် | ၉၁၅/၉၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၅/၈၁၀ ကျပ် | ၈၅၅/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၀/၇၂၀ ကျပ် | ၇၅၀/၇၉၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၅၀/၉၁၅ ကျပ် | ၉၃၀/၉၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၅/၉၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၅/၉၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၄၀/၇၄၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၉.၂ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၃၄.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၇.၄၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၂၀၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၅.၅၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၈၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၇၉.၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၁၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၄.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၁.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

○ **ရှေ့ဖုံးမှ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးဟန်ဇော်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲတို့က (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်မုခ်ဦးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်မုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့သည် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ သိက္ခာတော်ရဆရာတော် ဒေါက်တာစတီဗင် လျန်ဟုန်လိန်းက ချင်းအမျိုးသားနေ့ပွဲတော်အတွက် ကောင်းချီးမင်္ဂလာ ဆုတောင်းစကားပြောကြားပြီး သဘာပတိက (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အမှာစကားပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်မုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**ထူးကဲမှုများစွာရှိ**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ချင်းအမျိုးသားနေ့ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ချင်းပြည်နယ်၏ သာယာလှပမှုနှင့် ချင်းအမျိုးသားတို့၏ နွေးထွေးလှိုက်လှဲစွာကြိုဆိုမှုများကြောင့် မိမိအနေဖြင့် မိသားစုကဲ့သို့ တရင်းတနှီး ခံစားရပါကြောင်း။

ချင်းပြည်နယ်တွင် ထူးကဲမှုများစွာရှိပါကြောင်း၊ အောက်ချင်းငှက်နှင့် တောင်ဇလပ်ပန်းတို့သည် ချင်းပြည်နယ်နှင့် ချင်းအမျိုးသားတို့၏ သင်္ကေတများပင် ဖြစ်ပါကြောင်း၊ တောင်ဇလပ်ပန်းသည် ရဲရဲနီပြီး သတ္တိနှင့်ရဲရင့်မှုကို ပြသနေပါကြောင်း၊ တောင်စွန်းတောင်ဖျားများပေါ်တွင် ဝင့်ဝင့်ကြွားကြွားဖြင့် ပေါက်ရောက်နေခြင်းသည်လည်း အထင်ကရတစ်ခုပင်ဖြစ်ပါကြောင်း၊ ၎င်းမှာ ချင်းလူမျိုးတို့၏ ရဲရင့်မှု၊ သတ္တိရှိမှုနှင့် ဝင့်ကြွားမှုဆိုသည့် လက်ရုံးရည်ကို ပြသခြင်းဖြစ်ပါကြောင်း၊ ထို့အတူ အောက်ချင်းငှက်ကို ကြည့်ပါကလည်း သစ္စာတရားကြီးမားမှုကို တွေ့ရပါကြောင်း၊ အောက်ချင်းဖို၊ အောက်ချင်းမ ငှက်မောင်နှံတို့သည် အတူတကွ ပျော်သန်းလေ့ရှိပါကြောင်း၊ အောက်ချင်းငှက်မက သားမွေးပါက အောက်ချင်းငှက်ဖိုက အနားကမခွာဘဲ ကျွေးမွေးစောင့်ရှောက်သည့် တာဝန်ကို ယူကြပါကြောင်း၊ ထို့အပြင် ပို၍သစ္စာတရားကြီးမားမှုမှာ အောက်ချင်းငှက်မ အသက်အန္တရာယ်နှင့် ကြုံတွေ့ရပါက အောက်ချင်းငှက်ဖိုကလည်း လိုက်၍ အသက်ကို စွန့်လွှတ်ပါကြောင်း။

**သစ္စာတရားကြီးမားမှု**

ချင်းအမျိုးသားတို့၏ မေတ္တာတရားနှင့် သစ္စာတရားကြီးမားမှုကို အဆိုပါ သင်္ကေတနှစ်ခုက ဖော်ညွှန်းနေပါကြောင်း၊ အောက်ချင်းငှက်ဖိုနှင့်ငှက်မတို့၏ သစ္စာတရားသည် ဥမကွဲ၊ သိုက်မပျက် အတူတကွ နေထိုင်ကြမည်ဆိုသည့် စံနမူနာကို ပြသနေသည်ဟု ခံယူပါကြောင်း၊ ချင်းအမျိုးသားတို့ အနေဖြင့်လည်း ပြည်ထောင်စုကြီးတွင် ဥမကွဲ၊ သိုက်မပျက် အတူတကွ လက်တွဲနေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပါကြောင်း၊ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးတို့တွင် ချင်းအမျိုးသားများသည် အခြားတိုင်းရင်းသားများနည်းတူ လွတ်လပ်ရေးရရှိအောင် ကြိုးစားပါဝင်ခဲ့ပါကြောင်း၊ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းရုံတင်မကဘဲ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်တွင် ချင်းအမျိုးသားကိုယ်စားလှယ်များဖြစ်ကြသည့် ဦးလှုရ်မှုန်၊ ဦးသောင်ဇာခုတ်နှင့် ဦးကီယိုမန်းတို့သည် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ထို့ပြင် ဦးဝမ္မသူးမောင် ဆိုပါကလည်း ပြည်မနှင့် တောင်တန်း တစ်ချိန်တည်း လွတ်လပ်ရေးရယူရန် အဆိုတင်သွင်းခဲ့ပြီး လွတ်လပ်ရေးတိုက်ပွဲများတွင် ရှေ့တန်းမှပါဝင်ခဲ့သည့်အတိုင်း ၎င်း၏ ဦးဆောင်မှုအောက်တွင် ချင်းမျိုးချစ်ပုဂ္ဂိုလ်များကလည်း နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော်လှန်ရေး ကာလများတွင် ရှပ်ရှပ်ချွံချွံ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြပါကြောင်း။

**ပြည်ထောင်စုစိတ်ဓာတ်**

နောက်ပိုင်းတွင်လည်း ကောင်းတူဆိုးဖက်၊ အေးအတူပူအမျှ ပြည်ထောင်စုကြီးအတွင်း အတူတကွ လက်တွဲပြီး ညီညီညွတ်ညွတ် နေထိုင်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပသည့်အခါတွင်လည်း ချင်းအမျိုးသားများအနေဖြင့် ပါဝင်ဆွေးနွေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယင်းမှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို ချင်းအမျိုးသား မျိုးချစ်ပုဂ္ဂိုလ်များအနေဖြင့် သမိုင်းအစဉ်အဆက် ခေတ်တိုင်းခေတ်တိုင်းတွင် ပြသခဲ့ခြင်းဖြစ်ပါကြောင်း၊ ချင်းအမျိုးသားနေ့ကို နှစ်စဉ်ကျင်းပနိုင်သည်နှင့်အမျှ ချင်းပြည်နယ်၏ ဂုဏ်သတင်းများသည်လည်း သင်းပျံ့နေမည်ဖြစ်ပါကြောင်း၊ ချင်းလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများလည်း တည်တံ့နေမည်ဖြစ်ပါကြောင်း။

**ဒီမိုကရေစီကိုတန်ဖိုးထား**

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဖလမ်းမြို့၌ ကျင်းပသည့် လူထုညီလာခံတွင် ချင်းအမျိုးသားကိုယ်စားလှယ် ၅၀၀၀ ကျော်တက်ရောက်ခဲ့ပြီး တိုက်သူကြီးအုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ခြင်းသည် ချင်းအမျိုးသားများအနေဖြင့် ဒီမိုကရေစီစနစ်အပေါ် တန်ဖိုးထားမှုနှင့် ဉာဏ်အမြော်အမြင်ရှိမှုကို ပြသခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းမှာ ကမ္ဘာလုံးဆိုင်ရာအမြင်ကို စောစီးစွာ သိမြင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ချင်းအမျိုးသားများအနေဖြင့် ဒီမိုကရေစီကို တန်ဖိုးထားပြီး လူ့အခွင့်အရေးကို လေးစားကြသည်နှင့်အမျှ ဒီမိုကရေစီ အသီးအပွင့်များကို ခံစားလာရပြီးဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့ » »




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သဘာပတိအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့ (၇၁)နှစ်မြောက် ချင်းပြည်နယ်နေ့အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများကို ကြည့်ရှုလေ့လာကြစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဝမ္မသူးမောင် အားကစားကွင်း၌ ဘွဲ့တိုင်(ခ)အထွတ်အမြတ်တိုင် စိုက်ထူပေးစဉ်။

» » စာမျက်နှာ ၃ မှ

ချင်းပြည်နယ်အတွင်းတွင် မျိုးနွယ်စု ၅၃ စုရှိသည်ဟု သိရှိရပါကြောင်း၊ မျိုးနွယ်စု အသွင်ကွဲ၊ အဆင်ကွဲများရှိနေခြင်းသည် ချင်းပြည်နယ်၏ အလှတရားများပင်ဖြစ်ပါကြောင်း၊ အသွင်ကွဲ၊ အဆင်ကွဲများကို ယခုကဲ့သို့ စုစည်းညီညွတ်အောင် ဆောင်ရွက်နိုင်ခြင်းသည်ပင်လျှင် ချင်းပြည်နယ်၏ စည်းလုံးညီညွတ်မှုအင်အား ဖြစ်ပါကြောင်း၊ ထိုအလှတရားများနှင့် စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းပြီး ပြည်ထောင်စုကြီး တည်တံ့ရေးအတွက် ဥမကွဲ၊ သိုက်မပျက် အားလုံးတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း။

### ပြည်ထောင်စုကြီး၏အလှကိုဖန်တီးပုံဖော်

ပြည်ထောင်စုအစိုးရအနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ် မခွဲခြားဘဲ ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ချင်းပြည်နယ်၏ အလှတရားသည် ချင်းပြည်နယ်တွင်သာမက ပြည်ထောင်စုကြီး၏ အလှတရားဖြစ်အောင်၊ ချင်းပြည်နယ်၏ ဒီမိုကရေစီတန်ဖိုးထားမှုသည် ချင်းပြည်နယ်တွင်သာမက ပြည်ထောင်စုကြီး တစ်ခုလုံးတွင်လည်း ဒီမိုကရေစီ စံချိန်စံညွှန်းများအတိုင်း တန်ဖိုးထားရှိနိုင်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ချင်းပြည်နယ်၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ ဖွံ့ဖြိုးတိုးတက်ပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှု မပျောက်ပျက်အောင် မြှင့်တင်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအတွင်းတွင်ရှိသည့် တိုင်းရင်းသားပြည်သူ ညီအစ်ကို မောင်နှမအားလုံးကလည်း မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေများကို ယခုထက်မက တိုးမြှင့်ပြီး ပြည်ထောင်စုကြီး၏အလှကို ဖန်တီးပုံဖော်ပေးကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်း ပြောကြားသည်။

ထို့နောက် သဘာပတိက (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ အဖွဲ့အစည်းအသီးသီးကပေးပို့သည့် သဝဏ်လွှာများကို မှတ်တမ်းတင်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သဘာပတိအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့သည် (၇၁)နှစ်မြောက် ချင်းပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပသည့် ဘွဲ့တိုင်(ခ) အထွတ်အမြတ်တိုင် စိုက်ထူပွဲသို့ တက်ရောက်ပြီး စိုက်ထူပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ပြည်ထောင်စုဝန်ကြီးများသည် ချင်းရိုးရာယဉ်ကျေးမှုကပွဲတွင် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ ပါဝင်ဆင်နွှဲကြပြီး ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

### ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ပြည်ထောင်စုဝန်ကြီးများသည် ချင်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ စုပေါင်းဝါးညှပ်အကနှင့် ခေါင်ကျွဲပွဲအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် ဟားခါးမြို့ ရှုခင်းသာသို့ ရောက်ရှိကြပြီး View Point မှနေ၍ ဟားခါးမြို့၏ ရှုခင်းအလှကို ကြည့်ရှုသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် ချင်းပြည်နယ်လွှတ်တော်ရုံးဝင်းအတွင်းကျင်းပသည့် မီးပုံပွဲနှင့်ရိုးရာယဉ်ကျေးမှု ကပြဖျော်ဖြေပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းရိုးရာယဉ်ကျေးမှုကပွဲတွင် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုနှင့်အဖွဲ့ ချင်းပြည်နယ်လွှတ်တော်ရုံးဝင်းအတွင်း ကျင်းပသည့် မီးပုံပွဲနှင့် ရိုးရာယဉ်ကျေးမှု ကပြဖျော်ဖြေပွဲတွင် ပါဝင်ဆင်နွှဲစဉ်။



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဩစတြေးလျသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Ms. Andrea Faulkner အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဩစတြေးလျနှစ်နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ နှစ်ပေါင်းများစွာ သံတမန်ဆက်ဆံရေးကောင်းမွန်ခဲ့မှု၊ ဘာသာစကားသင်တန်း၊ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာသင်တန်း၊ မူးယစ်ဆေးဝါးတန်ပြန်နှိမ်နင်းမှု သင်တန်းနှင့် ဆေးဘက်ဆိုင်ရာသင်တန်းများ စသည့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပညာရေး၊ စီးပွားရေးကဏ္ဍများ အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဩစတြေးလျနိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှု၊ မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အရေးကိစ္စနှင့်ပတ်သက်ပြီး အစိုးရနှင့် တပ်မတော်မှ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့မှုနှင့် ဩစတြေးလျနိုင်ငံမှ ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အမေရိကန် နှစ်နိုင်ငံအရပ်ဘက်၊ စစ်ဘက်နှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေး အခြေအနေများ၊ အမေရိကန်ပြည်ထောင်စု၏ အင်ဒို-ပစိဖိတ်ဆိုင်ရာ ရည်ရွယ်ချက်နှင့် ရပ်တည်ချက်ဆိုင်ရာ ကိစ္စရပ်များ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် တပ်မတော်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်အပေါ် အမေရိကန်က ကြိုဆိုထောက်ခံမှုနှင့် ထုတ်ပြန်ချက်ကြေညာပြီး နောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးဆောင်ရွက်မှုနှင့် တိုးတက်မှု၊ ကချင်ပြည်နယ်တွင် IDP Camp များမှ နေရပ်စွန့်ခွာ ပြည်သူများအား မူလနေရာသို့ ပြန်လည်နေထိုင်နိုင်ရေး အစိုးရနှင့် တပ်မတော်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ရခိုင်ဒေသဖြစ်စဉ်များနှင့် ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် တပ်မတော်မှ အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ရခိုင်ဒေသတွင် ARSA နှင့် AA အကြမ်းဖက်သောင်းကျန်းသူများ၏ ပြည်နယ်အတွင်း ဖျက်ဆီး၊ နှောင့်ယှက်မှုအပေါ် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များအား တပ်မတော်မှ စောင့်ရှောက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု၊ ခဲတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ် (CWC)အား မြန်မာနိုင်ငံက ၂၀၁၅ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး သဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# အလုပ်အကိုင်ပေါင်း ၃၅၇၂ ဦး ဖန်တီးပေးနိုင်မည့် လုပ်ငန်း ခုနစ်ခု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။



အဆိုပါအစည်းအဝေးတွင် ဘယ်လ်ဂျီယံနိုင်ငံမှ မျိုးရင်းကြက် မွေးမြူထုတ်လုပ်ရေးလုပ်ငန်း၊ တရုတ်နိုင်ငံမှ Contract Farming စနစ်ဖြင့် စပ်မျိုးစပါးများ စိုက်ပျိုးခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၊ ဟောင်ကောင်မှ CMP စနစ်ဖြင့် စက်ထိုးအထည်များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ကိုရီးယားနိုင်ငံမှ စက်မှုဇုန် (Industrial Complex) တည်ထောင်လည်ပတ်ခြင်းလုပ်ငန်း (အဆင့်-၁)၊ ဟောင်ကောင်မှ ၉၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ထိုင်းနိုင်ငံမှ လက်လီလက်ကားရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် စင်ကာပူနိုင်ငံမှ လက်လီရောင်းဝယ်ခြင်းနှင့် ကုန်သိုလှောင်မှုလုပ်ငန်းတို့ကို ခွင့်ပြုပေးခဲ့သည်။

အထက်ပါလုပ်ငန်း ခုနစ်ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈၂ ဒသမ ၆၂၉ သန်းရှိပြီး အဆိုပါလုပ်ငန်းများမှ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၅၇၂ ဦး ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

# ဗြိတိသျှသံရုံး၌ အပြာရောင်ကမ္ပည်း တပ်ဆင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ဗြိတိသျှကောင်စီတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အပြာရောင်ကမ္ပည်းပြားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှသံရုံးအဆောက်အအုံ၌ တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး**

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဩစတြေးလျသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Ms. Andrea Faulkner အား ယနေ့ ညနေ ၃ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများအပေါ် ဩစတြေးလျနိုင်ငံက ဆက်လက်ထောက်ခံကူညီသွားမည့် ကိစ္စရပ်များ၊ ပညာရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး စသည့်ကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ စသည်တို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒစ်ဂျစ်တယ်စာတတ်မြောက်မှု အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေး တိုက်တွန်းကြောင်းအဆို အတည်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး(၁၅) ရက်မြောက်နေ့တွင် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် တင်သွင်းသည့် **ဒစ်ဂျစ်တယ် စာတတ်မြောက်မှု (Digital Literacy) အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် (Digital Literacy Framework) မူဘောင်ရေးဆွဲချမှတ် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်က အတည်ပြုခဲ့သည်။


ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း


ဒုတိယဗိုလ်မှူးကြီး သောင်းစိန်


တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး


ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်

## ကော်မတီများ သက်တမ်းတိုးမြှင့်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေး

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီတို့၏ သက်တမ်း ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ သက်တမ်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ နောက်ထပ် တစ်နှစ်အထိ လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတို့၏ သက်တမ်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ နောက်ထပ်တစ်နှစ်အထိ လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ သက်တမ်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ စ၍ နောက်ထပ်တစ်နှစ်အထိ လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတို့၏ သက်တမ်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ နောက်ထပ်တစ်နှစ်အထိ လည်းကောင်း ထပ်မံတိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

## ပညာရေးဝန်ကြီးဌာနနှင့်စပ်လျဉ်းသည့် မေးခွန်းများ ဖြေကြား

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသောင်းစိန်၏ **ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ရွာ အခြေခံပညာအထက်တန်းကျောင်းအား တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအဖြစ် ဖွင့်လှစ်လိုသောကြောင့် သတ်မှတ်ထားသည့် အချက်အလက်များနှင့် ကိုက်ညီမှုရှိအောင်ဆောင်ရွက်ပြီး ၇-၉-၂၀၁၇ ရက်နေ့တွင် မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီးသို့ လုပ်ထုံးလုပ်နည်းအတိုင်း အဆင့်ဆင့်တင်ပြရာတွင် တစ်စုံတစ်ရာ အကြောင်းပြချက်မရှိဘဲ နောင်နှစ်တွင်သာ ထပ်မံလျှောက်ထားရန် ညွှန်ကြားခဲ့သဖြင့် ယင်းကျောင်းအား တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဝါးဖြူတောင် အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၂၃ ဦးရှိပြီး မေးခွန်းနှင့် အဖြေလွှာများကို နေ့စဉ် သိမ်းဆည်းရန် သပိတ်ကျင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ထားရှိရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လုံခြုံရေးအတွက် ရဲစခန်း၊ တိုင်းဒေသကြီး ပညာရေးမှူးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အဆင့်ဆင့်ထောက်ခံချက်များလည်း ရရှိပြီးဖြစ်ပါကြောင်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့မှ စိစစ်ဆောင်ရွက်ပြီးဖြစ်သောကြောင့် ယခုနှစ် စာစစ်ဌာနအသစ် ဖွင့်လှစ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း၏ **အင်္ဂပူမြို့နယ်ရှိ အထက(ခွဲ)လူပျိုတော်ကွင်း ကျောင်းနှင့် အထက(ခွဲ) ချင်းကုန်းကျောင်းနှစ်ကျောင်းအား အထကအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အင်္ဂပူမြို့နယ် လူပျိုတော်ကွင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ရေးဆောင်ရွက်ပေးမည်ဖြစ်ပြီး ချင်းကုန်းအခြေခံပညာအထက်တန်းကျောင်းခွဲသည် ဦးစားပေးအစီအစဉ်တွင် မရှိသေးပါကြောင်း၊ လက်ရှိတွင်လည်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များ ဖြစ်နေသည့်အတွက် အထက်တန်းအဆင့်ပညာရပ်များ သင်ကြားမှုအခွင့်အလမ်း ရရှိနေပါကြောင်း၊ အဆင့်ဆင့်ဆောင်ရွက်သည့်အခါ မြေပြန့်၊ တောင်ပေါ်၊ ပြည်နယ်၊ ပြည်မ မည်သည့်နေရာမျှ မချန်လုပ်ဘဲ လိုအပ်သည့်အခါ ဆက်လက်တိုးမြှင့်ရေးကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၏ **တံတားဦးမြို့နယ် တောင်ဘီလူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက တောင်ဘီလူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသား ကျောင်းသူ ၂၀၆ ဦးခန့်သည် အထက်တန်းအဆင့်သင် ပညာရပ်များသင်ကြားနေသည်ကို တွေ့ရှိရသည့်အတွက် လာမည့်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ရေး အမှုတွဲတင်ပြလျှောက်ထားစေပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်းနှင့် မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ဥပဒေကြမ်းကော်မတီဝင် ဦးအောင်စိန်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် တင်သွင်းသည့် **ဒစ်ဂျစ်တယ် စာတတ်မြောက်မှု (Digital Literacy) အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် (Digital Literacy Framework) မူဘောင်ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က မိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုချောမွေ့စေရန် ဘဏ်ဝန်ဆောင်မှုများနှင့်သာ အဓိကသုံးစွဲနေရပါကြောင်း၊ သို့သော် ဘဏ်လုပ်ငန်းများကို လက်လှမ်းမီသည့် ပြည်သူလူထုနည်းပါးနေသေးပါကြောင်း၊ ယနေ့အချိန်တွင် မိုဘိုင်းဖုန်းမှတစ်ဆင့် ငွေကြေးလည်ပတ်မှု ဝန်ဆောင်မှုပေါ်လာခြင်းသည် ဖွံ့ဖြိုးရေးကို နောက်ကျမှ လုပ်ဆောင်နေသော်လည်း မိမိတို့နိုင်ငံအတွက် အားသာချက်ဖြစ်လာခဲ့ပါကြောင်း၊ အမျိုးသမီးများအတွက် ပို၍ အသုံးဝင်လာပါကြောင်း၊ မိမိတို့ အနီးပတ်ဝန်းကျင်တွင်ရှိသည့် အေးဂျင့်များမှတစ်ဆင့် ငွေများကို ထုတ်ယူ၊ ပေးပို့၊ ပေးချေနိုင်ပါကြောင်း၊ ထို့ကြောင့် အချိန်နှင့် ခရီးစရိတ်များ သက်သာပြီး ခရီးဝေးမှ ပြန်လာရသည်မဟုတ်သည့်အတွက် လုံခြုံမှုလည်းရှိပါကြောင်း၊ အိမ်ထောင်ကို ထိန်းသိမ်းရသည့် အမျိုးသမီးများအတွက် Online Shopping ဟုခေါ်သည့် စီးပွားရေးလုပ်ငန်းများကိုလည်း ပါဝင်လုပ်ဆောင်နိုင်သည့်အတွက် အပိုဝင်ငွေရလာပြီး ဆင်းရဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်အသိပညာ၊ ဒစ်ဂျစ်တယ် စာတတ်မြောက်ခြင်းသည် မိမိတို့အတွက် အကျိုးကျေးဇူးများလှသည့်အတွက် နိုင်ငံတော်မှ စီမံကိန်းများ၊ မူဘောင်များချမှတ်ကာ စနစ်တကျ ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူနှင့် ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေးတို့က ဆွေးနွေးကြသည်။

ယင်းနောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မိမိတို့လက်ရှိ ဝန်ကြီးဌာနများတွင် ဆောင်ရွက်နေသည့် e-Government လုပ်ငန်းများသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် နာယကအဖြစ် ဆောင်ရွက်နေသည့် e-Government အကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းထားပြီး ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေး မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းစဉ်များနှင့် ထပ်တူကျနေသည့်အတွက် အချိန်ကိုက်တင်သွင်းသည့် အဆိုဖြစ်နေပါကြောင်း။

အဆိုဆွေးနွေးသည့် ကိုယ်စားလှယ်များ တင်ပြသည့် Digital Literacy Framework အတွက် ရှုထောင့်များ၊ ကဏ္ဍများမှ ထောက်ပြဆွေးနွေးသွားသည်ကို တွေ့ရပါကြောင်း၊ ဆွေးနွေးချက်များအားလုံးကိုလည်း မိမိတို့ Digital Literacy Framework ကို ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ Digital Literacy Framework ကို အကောင်အထည်ဖော်ရာတွင် လက်တွေ့မူလတန်းအဆင့်မှစ၍ တစ်ဆင့်ပြီးတစ်ဆင့် ပညာရေးကဏ္ဍအသီးသီးတွင် ဆောင်ရွက်ရန် ICT Infrastructure များ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ Software များ၊ သင်တန်းများ စသည်တို့ကို တစ်ဆင့်ချင်း တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် အဆိုအား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဖွဲ့စည်းပုံအခြေခံဥပဒေ( ၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆို လက်ခံဆွေးနွေးရန် ဆုံးဖြတ်



ဒုတိယဝန်ကြီး ဦးလှကျော်



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းသည့် **တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ဆည်ရေခွန် ကြွေးကျန်များ ပြေကျေစွာ ကောက်ခံရရှိရေးကို မည်သို့ထိန်းကျောင်း ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ရေခွန်နှင့် တာတမံခွန် ဥပဒေအသစ်ပါပြဋ္ဌာန်းချက်နှင့် ရေခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး ဌာန၏ယခင်ရေခွန် ကြွေးကျန်များနှင့် ထပ်မံစည်းကြပ်ကောက်ခံရမည့် ရေခွန်များအပြေအကျေ ကောက်ခံရရှိရေးအတွက် စည်းရုံးစီမံအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ဘိုကလေးမြို့နယ် ရေငန်တားတမံတည်ဆောက်ပေးမည်

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့၏ **ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ထော်ပိုင်ကျေးရွာအုပ်စုရှိ လယ်ဧက (၂၂၆၀၀)ကျော် ထဲသို့ ရေငန်မဝင်ရောက်နိုင်ရန်အတွက် ရေငန်တားတမံဆည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော် က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရရန်ပုံငွေကျပ် (၉၆)သန်း ခွဲဝေရရှိမှု အပေါ်တွင် ကျွန်းပတ်တာ၏ ပေတိုင် (၀)မှ (၁၅၀၅၀)ပေ အထိအပိုင်းကို တင်ဒါခေါ်ယူပြီး ဖြစ်သည့်အတွက် လုပ်ငန်းများကို ဖေဖော်ဝါရီလကုန် စတင်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် အပိုင်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထား ဆောင်ရွက်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဘုရားဖြူ- ဒေါပေါ်ကလဲ လယ်ယာကုန်ထုတ်လမ်းကို ကျောက်ချောလမ်းခင်းပေးနိုင်ရန် ဆောင်ရွက်ပေးသွားမည်

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဖြေရယ် (ခ) ဦးမြင့်သန်းထွန်း၏ **ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဘုရားဖြူကျေးရွာ ဘုရားဖြူစေတီအနီးရှိ ဘီလူးချောင်းကူးတံတားမှ မိုင်နာ (၁၉)အထိ အရှည်(၁၇၃၅၈) ပေရှိသော တာပေါင်လမ်းအား ကျေးရွာကုန်ထုတ်လမ်းအဖြစ် ကျောက်ချောလမ်းသို့မဟုတ် ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မေးခွန်းတွင် ပါရှိသည့် လယ်ယာကုန်ထုတ်လမ်းသည် ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်များအတွင်းရှိ မိုးဗြဲဆည်ရေသောက်စနစ်အတွင်းမှ ရေပေးမြောင်းပေါင်များနှင့် ဆက်စပ်ဖောက်လုပ်ထားသော လယ်ယာကုန်ထုတ်လမ်းဖြစ်ပါကြောင်း၊ ဒီးမော့ဆိုမြို့နယ် ဘုရားဖြူကျေးရွာမှ လွိုင်ကော်မြို့နယ် ဒေါပေါ်ကလဲကျေးရွာအထိ ဆက်သွယ်ထားသည့် လမ်းဖြစ်ပါကြောင်း၊ အဆိုပါ လယ်ယာကုန်ထုတ်လမ်းမှာ ဘီလူးချောင်း အရှေ့ဘက်ကမ်းရှိ ကျေးရွာ (၁၀)ရွာနှင့် အနောက်ဘက်ကမ်းရှိ ကျေးရွာ (၁၂)ရွာတို့အပြင် လွိုင်ကော်မြို့နှင့်ပါ ဆက်သွယ်သွားလာနိုင်သည့်လမ်းဖြစ်ပြီး ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အကျိုးပြုလျက်ရှိပါကြောင်း။

ထို့ကြောင့် ဘုရားဖြူ - ဒေါပေါ်ကလဲ လယ်ယာကုန်ထုတ်လမ်းကို ကျောက်ချောလမ်းခင်းပေးနိုင်ရန်အတွက် လိုအပ်ရန်ပုံငွေကို ကယားပြည်နယ် အစိုးရအနေဖြင့် ၂၀၁၉ - ၂၀၂၀ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံမည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော တံတားကြီးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက်များ ရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံ လိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**တင်သွင်းရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံအတွင်းတွင်ရှိသည့် မြေယာများကို စနစ်တကျ မှန်မှန်ကန်ကန် အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ မှန်ကန်သည့် မြေယာအသုံးချမှု မူဝါဒချမှတ်ခြင်းနှင့် မြေယာကို စနစ်တကျခွဲဝေပေးခြင်းတို့ကို မှန်ကန်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်မှုအပေါ် မူတည်ပါကြောင်း၊ မြေယာကို စနစ်တကျ စီမံခန့်ခွဲနိုင်မှုသည် တိကျမှန်ကန်သော တစ်မျိုးတည်းသော မြေပုံစနစ်နှင့် မြေယာများကို တိကျသည့် မှတ်တမ်းတင်ထားနိုင်ရန်လည်း လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် တစ်မျိုးတည်းသော မြေပုံစနစ်နှင့် မြေယာမှတ်ပုံတင်သည့်လုပ်ငန်းကို အောင်အောင်မြင်မြင် စီမံကိန်းချဆောင်ရွက်ရန် လိုအပ်ပြီး ထိုသို့ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းပမာဏကြီးမားခြင်းကြောင့် အချိန်ယူရမည် ဖြစ်သကဲ့သို့ ဘဏ္ဍာငွေများစွာ ကျခံရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်တွင်းပြည်ပ ပညာရှင်များ၊ ကျွမ်းကျင်သူများ၏ အကူအညီကိုရယူပြီး ခေတ်မီနည်းပညာများနှင့် ကိရိယာများကိုလည်း မဖြစ်မနေသုံးစွဲရမည် ဖြစ်ပါကြောင်း၊ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းသည် လူအင်အား၊ ငွေအင်အား၊ အချိန်နှင့်ခေတ်မီပညာနှင့် ကိရိယာများလိုအပ်ခြင်းကြောင့် နှစ်ရှည်စီမံကိန်းချ ပြီးစီးအောင်မြင်စေရန် ဆောင်ရွက်ရမည့် လုပ်ငန်းကြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အနေအထားကိုကြည့်၍ တင်ပြခဲ့သည့် အချက်အလက်များကို သုံးသပ်ပြီး အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးပေးပါရန် ပန်ကြားအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် **ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း**က အဆိုသည် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံအကျဆုံးလုပ်ငန်းတွင် ပါဝင်ပြီး နိုင်ငံတော်အတွက် စနစ်တကျ ဆောင်ရွက်ရမည့် လုပ်ငန်းလည်းဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် လက်ခံဆွေးနွေးရန်လွှတ်တော်က သဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

# နိုင်ငံပိုင်မီဒီယာများ၏ သတင်းဝန်ဆောင်မှုလုပ်ငန်းများအပေါ် ပြည်သူ့သဘောထားစစ်တမ်းကောက်ယူရေးဆိုင်ရာ သင်တန်းဖွင့်လှစ်



**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်သူ့သဘောထားစစ်တမ်းကောက်ယူရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်း၌ ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာနှင့် ဝက်ဘ်ဆိုက်များအပါအဝင် အားပေးဖတ်ရှု နားဆင်နေသော ပြည်သူများ၏ အခြေအနေကို စစ်တမ်းကောက်ယူနိုင်ရန် ရှင်းလင်းဆွေးနွေး သင်ကြားပေးမည် ဖြစ်သည်။ ယခုကဲ့သို့ ပြည်သူ့သဘောထားစစ်တမ်းများ ကောက်ယူနိုင်ခြင်းအားဖြင့် ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် မီဒီယာလုပ်ငန်းများနှင့်ပတ်သက်၍ အားပေးဖတ်ရှု နားဆင်သူများ၏ အသက်အုပ်စု၊ နေရပ်ဒေသနှင့် အားပေးဖတ်ရှု နားဆင်သည့် ပုံစံတို့ကို လည်းကောင်း၊ ၎င်းတို့၏ လူမှုအဆင့်အတန်း၊ ကြိုက်နှစ်သက်သည့် ကဏ္ဍများနှင့် ၎င်းတို့ မကြိုက်နှစ်သက်သည့် ကဏ္ဍများကို လည်းကောင်း၊ ၎င်းတို့ ဖတ်ရှုအသုံးပြုနိုင်သည့် နည်းလမ်းများနှင့် အခြားအကြံပြုချက်များကိုလည်းကောင်း သိရှိနိုင်မည်ဖြစ်သည်။ ယင်းအချက်များမှတစ်ဆင့် ပြည်သူလူထု၏ လိုလားချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသားများအား စစ်တမ်းကောက်ယူခြင်းဆိုသည်မှာ သုတေသနလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ စိတ်ရှည်ရခြင်း၊ အပင်ပန်းခံရခြင်း၊ ဉာဏ်အမြော်အမြင် ရှိရခြင်းဆိုသည့် အရည်အချင်းများရှိရန် လိုအပ်သည်ဟု သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

သင်တန်းသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်း ၃၈ ဦး တက်ရောက်ပြီး စစ်တမ်းကောက်ယူရေးစနစ်၊ စစ်တမ်းအဖြေလွှာများမှ ရလဒ်များ ထုတ်ယူပုံဘာသာရပ်များကို သင်ကြားပေးမည့်အပြင် သုတေသနပညာရှင်များက အင်စတီကျူးရှင်းများ ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေး နှစ် ၄၀ ခရီး ခေါင်းစဉ်နှင့် Governance for Globalization World ခေါင်းစဉ်များကိုလည်း ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs.Tone Tinnes အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ်(I-11)၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ယူနက်စကိုအပါအဝင် မီဒီယာဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် UNESCO , IMS/ Fojo, Internews,BBC Media Action, JICA, DW Akademie နှင့် My Pol အဖွဲ့မှ ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်က ကျင်းပပြီးစီးခဲ့သည့် သတ္တမအကြိမ် မြန်မာ့မီဒီယာဖွံ့ဖြိုးရေးညီလာခံတွင် ဆွေးနွေးခဲ့သော နယ်ပယ်လေးခုဖြစ်သည့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများမှတစ်ဆင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရပိုင်ခွင့်၊ ရုပ်သံလွှင့်မီဒီယာဥပဒေနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မီဒီယာ၊ စာနယ်ဇင်းသမားများ၏ လုံခြုံရေး၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုတွင် ပြည်တွင်းမီဒီယာများ ရေရှည်တည်တံ့ရေးတို့နှင့်ပတ်သက်၍ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# လန်ချန်း-မဲခေါင်ဒေသတွင်း နိုင်ငံများရှိ အမွေအနှစ်ဒေသများ စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ပုဂံ ဖေဖော်ဝါရီ ၂၀**

လန်ချန်း-မဲခေါင်ဒေသတွင်း နိုင်ငံများရှိ အမွေအနှစ်ဒေသများ စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ "Workshop on Heritage Sites Management in Lancang-Mekong Countries"ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ပုဂံမြို့ ပုဂံဟိုတယ်ရှိ အစည်းအဝေးခန်းမတွင် ကျင်းပလျက်ရှိသည်။

**တက်ရောက်**

ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉နာရီခွဲတွင် လန်ချန်း-မဲခေါင်ဒေသတွင်း နိုင်ငံများရှိ အမွေအနှစ်ဒေသများ စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ပုဂံမြို့ ပုဂံဟိုတယ်ရှိ သစ္စာဝတီအစည်းအဝေးခန်းမတွင် ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ ပထမအတွင်းဝန်၊ ထိုင်းနိုင်ငံသံရုံးမှ ပထမအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် တာဝန်ရှိသူများ၊ ညောင်ဦးခရိုင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၊ လန်ချန်း-မဲခေါင်အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ကိုယ်ပိုင်စရိုက်လက္ခဏာကို ပိုမိုခိုင်မာစေ**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ စီမံခန့်ခွဲခြင်းဖြစ်သည့် ပြုပြင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့သည် နိုင်ငံနှင့် လူမျိုးတို့အတွက် ပဓာနကျသော အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ မဲခေါင်မိသားစုနိုင်ငံများသည် မတူခြားနားသော အမွေအနှစ်များနှင့် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှု အမွေအနှစ်များ ပိုင်ဆိုင်ကြသောကြောင့် မျိုးဆက်သစ်များအတွက် မဲခေါင်ဒေသတွင်း အမွေအနှစ်နေရာဒေသများကို ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းသည် အလွန်အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်ပြီး ထိုကဲ့သို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြင့် နိုင်ငံနှင့် လူမျိုးတို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာကို ပိုမိုခိုင်မာစေခြင်းဖြစ်သကဲ့သို့ ဒေသခံတို့၏ လူမှု-စီးပွားဘဝ မြှင့်တင်ရေးအတွက် အခြေခံကျသော ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ကူညီထောက်ပံ့မည်ဖြစ်ပါကြောင်း၊ အခြားတစ်ဖက်မှာလည်း အမွေအနှစ်ဒေသများအား ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအကြား ဟန်ချက်ညီအောင် ထိန်းသိမ်းစီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် Mekong-Lancang Cooperation Special Fund ဖြင့် စီမံကိန်းဆောင်ရွက်ရန် ကူညီထောက်ပံ့ပေးခြင်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။



**ကြည့်ရှု**

ထို့နောက် မဲခေါင်-လန်ချန်း သီချင်းဗီဒီယို "A River of Friendship"ကို ကြည့်ရှုကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။(**အပေါ်ပုံ**)

ဖွင့်ပွဲအခမ်းအနားအပြီးတွင် SEAMEO SPAFA၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ Resource Person သုံးဦးတို့က Concept Paper များကို တင်ပြဆွေးနွေးကြရာ SEAMEO SPAFA (South East Asia Regional Center For Archaeology and Fine Arts)မှ Resource Person က "The Role of Site Management in Preservation and Promotion of Cultural Heritage"ကို လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Resource Person က "Introduction to Heritage Sites in China"ကိုလည်းကောင်း၊ မြန်မာနိုင်ငံမှ Resource Person က "Introduction to Heritage Sites in Myanmar"ကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

မွန်းလွဲပိုင်း အလုပ်ရုံဆွေးနွေးပွဲ ပထမပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Resource Person က သဘာပတိအဖြစ်လည်းကောင်း၊ ဒုတိယပိုင်းတွင် မြန်မာနိုင်ငံမှ Resource Person က သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံများက ၎င်းတို့နိုင်ငံများရှိ ယဉ်ကျေးမှု အမွေအနှစ်နေရာဒေသများအား မည်ကဲ့သို့ ထိန်းသိမ်းစီမံခန့်ခွဲနေသည်ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲမစမီ လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၁၉ ရက်တွင် သဗ္ဗညုဂူဘုရား၊ အာနန္ဒာဂူဘုရား၊ လောကနန္ဒာဘုရား၊ ရွှေစည်းခုံဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဗူးဘုရားနှင့် အလိုတော်ပြည့်ဘုရားများအား လှည့်လည်ဖူးမြော်ခဲ့ကြသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# Line Walker - 2 ဇာတ်ဝင်ခန်းတချို့ YMCA ခန်းမ၌ ဆက်လက်ရိုက်ကူး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

**ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ YMCA ခန်းမတွင် ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ Line Walker - 2 (Operation Midnight Shadow) ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းတချို့ ဆက်လက်ရိုက်ကူးလျက်ရှိသည်။ ယနေ့ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းတချို့ ရိုက်ကူးနေစဉ်အတွင်း နံနက် ၆ နာရီ မှ ညနေ ၄ နာရီအထိ ယာဉ်များ လမ်းလွှဲမှသွားလာနိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။**

ဇာတ်ဝင်ခန်းရိုက်ကူးနေမှုကို YMCA ခန်းမအနီး လာရောက်အားပေးကြည့်ရှုကြသည့် ရုပ်ရှင်ကြည့်ပရိသတ်အချို့နှင့် တာဝန်ရှိသူများ၏ သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဦးအောင်သိန်းထွန်း**
**မန်နေဂျင်းဒါရိုက်တာ**
Institute of Business & Investment Management

ဒီရုပ်ရှင်ရိုက်ကွင်းက ကျွန်တော်တို့ ကျောင်းနဲ့ သိပ်မဝေးဘူး။ အထဲမှာ အလုပ်လုပ်နေရင်းနဲ့ ပစ်ခတ်သံတွေကြားတယ်။ သတင်းစာထဲမှာလည်း တွေ့ထားတော့ လာကြည့်ဖြစ်တာပါ။ ဒီကိုလာကြည့်တော့ တော်တော်စိတ်ဝင်စားဖို့ ကောင်းတယ်။ အချိန်အတော်ကြာကြာ လေ့လာကြည့်တော့ လူအား၊ ငွေအားနဲ့ အချိန်တွေ အများကြီးပေးပြီးတော့ သူတို့ရိုက်နေတာ တွေ့ရတယ်။ ကျွန်တော်ကြားသလောက်ဆိုရင် သူတို့ ဒီပတ်ဝန်းကျင်ကို ရိုက်ကွင်းရွေးတာတင်ပဲ နှစ်လ၊ သုံးလလောက် အချိန်ပေးထားတယ်ကြားတယ်။ အစမ်းလေ့ကျင့်မှုတစ်ခုတင်ပဲ အကြိမ် ၅၀ လောက် ထပ်ကာထပ်ကာ လုပ်တယ်လို့ ကြားပါတယ်။ Professional ကျမှုဆိုတာကို တွေ့ရတယ်။ မြန်မာနိုင်ငံအတွက်လည်း ကောင်းတာတချို့ရှိတယ်လို့ ကျွန်တော်မြင်တယ်။

ကျွန်တော်က Finance Background ကနေ လာတယ်ဆိုတော့ စီးပွားရေးဆိုင်ရာတွေ၊ ငွေကြေးပိုင်းဆိုင်ရာတွေ လေ့လာတယ်။ ကောင်းတာတချို့ တွေ့ရတယ်ဆိုတာက အပြည်ပြည်ဆိုင်ရာ ခရီးသွားတွေပေါ့။ သူတို့အနေနဲ့ ဘယ်လိုပဲလာလာ မြန်မာနိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင် ခရီးသွားဧည့်သည်ပဲ။ သူတို့နဲ့ပါလာတဲ့ လူအင်အားတင်မနည်းဘူး။ ကျွန်တော်တို့ သိရသလောက်ဆိုရင် လူအင်အား ၂၀၀ လောက် ပါလာတယ်လို့ သိရတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာရှိတဲ့ ဟိုတယ်လုပ်ငန်းတွေ၊ သူတို့နဲ့ဆက်စပ်တဲ့လုပ်ငန်းတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ မြန်မာနိုင်ငံအတွက် ဝင်ငွေရမယ်။

တစ်ချိန်တည်းမှာပဲ အစိုးရက သူတို့ကို ရိုက်ခွင့်ပြုထားတယ်ဆိုတဲ့အတွက် အစိုးရအတွက် ဝင်ငွေရမယ်။ သူတို့က ဒီမှာနေပြီး ဒီအတိုင်းပြန်သွားမှာ မဟုတ်ဘူး။ သူတို့ပါလာတဲ့ ပိုက်ဆံတချို့နဲ့ ဥပမာ စားတာ၊ သောက်တာ၊ အမှတ်တရပစ္စည်း ဝယ်တာတွေရှိမယ်။ တခြားသူတို့သုံးချင်တဲ့နေရာတွေမှာလည်း သုံးသွားတယ်ဆိုရင် မြန်မာနိုင်ငံအတွက် အများကြီး ကောင်းပါတယ်။ ကျွန်တော့်အမြင်နဲ့ဆိုရင် မြန်မာနိုင်ငံအတွက် ကောင်းတာတွေ့ရတယ်။ မြန်မာနိုင်ငံမှာ ကမ္ဘာကမမြင်တဲ့ ရှုခင်းတချို့ရှိတယ်။ အဲဒီရှုခင်းတချို့ကို သူတို့က အချိန်ယူပြီး ဘယ်နားက ဘယ်လိုကြည့်ရင် လှတယ်ဆိုပြီး ကျွန်တော်တို့ မသိတာတွေ သူတို့သိသွားနိုင်ခြေရှိတယ်။

မြန်မာနိုင်ငံကို နိုင်ငံတကာ သိလာအောင် သွယ်ဝိုက်သောအားဖြင့်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း မြှင့်တင်ရာကျတာပေါ့။ ရုပ်ရှင်ဆိုတာ မီဒီယာမှာ အကျိုးသက်ရောက်မှုအဖြစ်ဆုံးလို့ ကျွန်တော်မြင်ပါတယ်။ ကိုယ့်နိုင်ငံကို အလွယ်တကူသိသွားစေနိုင်တာပေါ့။ တစ်ခုသတိထားရမှာက မကောင်းတဲ့မြင်ကွင်းတွေတော့ မပါသင့်ဘူးလို့ မြင်တယ်။ အမြဲတမ်းအကောင်းနဲ့အဆိုးက ဒွန်တွဲနေတယ်။ တစ်ခုခုလိုချင်ရင် တစ်ခုခုတော့ ရင်းရမှာပဲ။ လမ်းပိတ်တယ်ဆိုတာကတော့ သူတို့မလာလည်း လမ်းက ပိတ်နေတာပါပဲ။ လမ်းပိတ်ရင် တခြားလမ်းက သွားလို့ရတယ်။ သူတို့သွားလို့ မရတာ၊ လုပ်ကိုင်လို့မရတာကို ဒါကြီးတစ်ခုတည်းကို လက်ညှိုးထိုးပြီး မပြောစေချင်ဘူး။

တခြားတစ်ဖက်မှာကျတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အကျိုးရှိတာတွေ အများကြီးရှိနေတယ်။ ဒါတစ်ခုကို ကိုယ့်ရဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုအနေနဲ့ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ သည်းညည်းခံသင့်တယ်။ ဒါမျိုးတွေကို အားပေးသင့်တယ်လို့ ထင်တယ်။ အခိုက်အတန့်မှာ အဆင်မပြေတာရှိမယ်။ ရရှိမယ့်အကျိုးတွေ ပြန်ကြည့်မယ်ဆိုရင် အများကြီးသာပါတယ်။ တစ်ချိန်တည်းမှာပဲ လေ့လာစရာတွေ အများကြီးရှိမယ်။ ခေါင်မိုးပေါ်မှာ ရိုက်နေတာ သေချာတော့ မမြင်ရဘူး။ ဒါပေမယ့် အောက်ကနေ သေချာသုံးသပ်ကြည့်မယ်ဆိုရင် တိုက်ပေါ်ကနေ သေနတ်ကိုင်ဆင်းလာတဲ့အချိန်မှာ ပစ်ခတ်မှုတွေဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ အဆောက်အအုံပေါ်မှာလည်း ဖြတ်ပြီး ရိုက်မယ်ဆိုတော့ တော်တော်လေးကို စိတ်ဝင်စားမယ့် အနေအထားတွေရှိနေပါတယ်။

**မနန်းခင်စံခန့်**
**ဒေါပုံမြို့နယ်**

လမ်းလျှောက်လာရင်း သူများတွေ ကြည့်နေတာတွေ့လို့ မမျှော်လင့်ဘဲ လမ်းကူးရင်း ဝင်ကြည့်မိတာ။ ဒီဇာတ်ကား Line Walker ပထမကားကို ကြည့်ဖူးကတည်းက အတော်ကြိုက်တာ။ မင်းသားကို တွေ့ရမယ်ထင်ပြီး ဝင်ကြည့်တာ။ မင်းသားကိုလည်း ကြိုက်တယ်။ သေနတ်ပစ်ဖောက်တဲ့အသံတွေ ကြားရတယ်။ ရိုက်ကူးနေတာ သေချာမမြင်တွေ့ရဘူး။ ဒီဇာတ်ကားကို စိတ်ဝင်စားတာကြောင့် နောက်နေ့တွေဆိုရင်လည်း ရိုက်ကွင်းရှိတဲ့နေရာတွေ သွားကြည့်မယ်လို့ စိတ်ကူးထားတယ်။

**ဒေါက်တာသာညဏ်**
**အထွေထွေအတွင်းရေးမှူး**
**ရန်ကုန်ကလျာဏယုဝအသင်း**

ဟောင်ကောင်က ရုပ်ရှင်လာရောက်ရိုက်ကူးမယ်လို့ မိတ်ဆွေတစ်ဦးက ဆက်သွယ်လာတယ်။ ဒီလိုပြည်တွင်းမှာ ရိုက်ကူးဖို့ဆိုရင် အာဏာပိုင်အဖွဲ့အစည်းရဲ့ ခွင့်ပြုချက်လိုပါတယ်။ ခွင့်ပြုချက်ယူဖို့အတွက် ဝန်ကြီးဌာနတွေနဲ့ မိတ်ဆက်ပေးပါတယ်။ ခွင့်ပြုချက်ရတဲ့အခါ ကျွန်တော်တို့ရဲ့ YMCA ခန်းမကို အသုံးပြုဖို့ မေးမြန်းဆွေးနွေးတယ်။ အကြိမ်ကြိမ် ဆွေးနွေးကြပြီးတဲ့အခါမှာ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ နိုင်ငံတော်ကလည်း ရိုက်ကူးဖို့အတွက် ကူညီပေးတယ်။ ရိုက်ခွင့်ပြုတယ်။

ဒီအက်ရှင်ဇာတ်ကားမှာ စွန့်စားခန်းတွေ၊ လှုပ်ရှားမှုတွေ၊ ပြိုင်ကားတွေ၊ ဟယ်လီကော်ပတာ၊ သေနတ်အစစ်၊ ထိပ်ဖူးမပါတဲ့ ကျည်တွေ၊ ခုန်ချတာ၊ မီးလောင်တဲ့ ဇာတ်ဝင်ခန်းတွေပါတယ်။ ဒါတွေကို အတော်သတိထားပြီး တစ်ခုချင်း ဆွေးနွေးပြီးတဲ့အခါ YMCA အဆောက်အအုံတစ်နေရာထဲမှာ မူတည်ပြီး အောက်ထပ်မှာ ဆက်တင်တွေ ဆင်တယ်။ အပေါ်ထပ်မှာ စျေးဆိုင်ခန်းတွေ လုပ်တယ်။ အပေါ်ထပ်မှာပဲ တိုက်တစ်တိုက်ကနေ တစ်တိုက်ကို ခုန်ချပြေးတဲ့အခန်းတွေပါတယ်။ လူကုန်ကူးမှုဆိုတာကြောင့် ရဲတွေလိုက်ဖမ်းတဲ့ကိစ္စတွေလည်းပါတယ်။ တကယ်တော့ သူတို့က အိမ်နီးချင်းနိုင်ငံမှာ ရိုက်ကူးဖို့ပဲ။ မြန်မာနိုင်ငံမှာ ရိုက်ကူးဖို့အတွက် လုပ်နိုင်တဲ့အကြောင်း၊ သက်ဆိုင်ရာကလည်း ခွင့်ပြုတယ်ဆိုတဲ့အကြောင်း၊ မြန်မာနိုင်ငံကလည်း ဖော်ရွေတဲ့အကြောင်း သေချာရှင်းပြရပါတယ်။ ဘာကြောင့် မြန်မာနိုင်ငံမှာ လာရိုက်စေချင်တာလဲဆိုရင် မြန်မာနိုင်ငံအကြောင်း နိုင်ငံတကာမှာ တစ်စိတ်တစ်ပိုင်း မကောင်းတာတွေဖြစ်နေတယ်။ မြန်မာနိုင်ငံက အင်မတန်ငြိမ်းချမ်းတဲ့နိုင်ငံပါ။ မြန်မာနိုင်ငံရဲ့ ကောင်းသောဝိသေသတွေ၊ ယဉ်ကျေးမှုတွေက အရင်အတိုင်းရှိတယ်။ ပုဂံလိုနေရာမျိုး၊ ရေခဲတောင်လို နေရာမျိုးတွေဆိုရင် ဘာမှထိမထားဘူး။ ဖျက်ဆီးထားခြင်းလည်း မခံရဘူး။ ဒါတွေကို ပြသနိုင်ဖို့အတွက် ငွေကြေးမတတ်နိုင်ဘူး။ ဒီရုပ်ရှင်ကားက တစ်ကမ္ဘာလုံး ကြည့်ကြမှာပါ။

ဒီအခွင့်အရေးရတာကြောင့် YMCA က မေတ္တာစေတနာအပြည့်အဝနဲ့ ကျရာနေရာက ကူညီဆောင်ရွက်ပေးတာပါ။ မြန်မာကို ကမ္ဘာကသိဖို့ ဒီရုပ်ရှင်ကားက စွမ်းဆောင်ပေးပါလိမ့်မယ်။ မြန်မာနိုင်ငံကို တစ်နည်းတစ်ဖုံအားဖြင့် ကမ္ဘာကို သိသွားစေချင်ပါတယ်။ ဒီရုပ်ရှင်ကားကြောင့် ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ ကြားတောရလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မြန်မာသရုပ်ဆောင်တွေ စသဖြင့် ပါနေပါပြီ။

YMCA အဆောက်အအုံ ကိုးထပ်ရှိတာ ငါးထပ်ပေးသုံးထားတယ်။ အထပ်တိုင်းမှာ လုံခြုံရေးချထားပေးတယ်။ သေနတ်ဖောက်တဲ့အသံ၊ ဗုံးဖောက်တဲ့အသံ စတဲ့ ပေါက်ကွဲမှုအသံတွေကြောင့် ကလေးတွေ ထိတ်လန့်မှာ စိုးတာကြောင့် YMCA ရဲ့ မူကြိုကို နှစ်ရက်တာ ပိတ်ထားပေးတယ်။ နေထိုင်စားသောက်ဖို့၊ ကားရပ်နားဖို့ကအစ အဆင်ပြေအောင် ဆောင်ရွက်ပေးထားတယ်။ ယာဉ်ထိန်းရဲ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့၊ ပြန်ကြားရေး၊ ပြည်ထဲရေး၊ ဟိုတယ်/ခရီး စတဲ့ ဝန်ကြီးဌာနတွေကလည်း ဝိုင်းဝန်းကူညီပေးနေကြပါတယ်။

**မပန်းအိစံ**
Operation Assistant
KTZ Ruby Hill Securities
Company Limited

သေနတ်ဖောက်သံတွေကြားရတော့ သူတို့ စွန့်စားမှုတွေလုပ်နေပြီပေါ့။ ကြိုးတွေနဲ့ဆင်းတယ်။ တစ်ခန်းကို ရုပ်ရှင်ထဲမှာ ကြည့်ရင်ခဏလေးပဲ။ ဒါပေမယ့် သူတို့ ရိုက်နေတာကျတော့ အကြာကြီးပဲ။ ဆင်းလာတယ်။ မရသေးဘူး ပြန်တက်သွားတယ်။ ပြန်ဆင်းလာတယ်။ အဲဒီလိုမျိုးပေါ့။ ရုပ်ရှင်ကြည့်တာထက်စာရင် ဒါလေးတွေက သူတို့ စွန့်စားထားတယ်ဆိုတာ တကယ်မြင်ရတာပေါ့။ ကြည့်လို့ကောင်းတယ်။ ဒီက မြန်မာမင်းသားတွေလည်း ပါတယ်ဆိုတော့ မြန်မာနိုင်ငံကို နိုင်ငံတကာက သိသွားမှာပေါ့။ သူတို့ ရိုက်ကွင်းရှာပြီး လာရိုက်တယ်ဆိုတော့ မြန်မာနိုင်ငံအတွက်လည်း ရုပ်ရှင်နယ်ပယ်မှာ အခွင့်အလမ်းပိုများသွားတာပေါ့။ မင်းသားကို ကြိုက်တဲ့အတွက် ဒီဇာတ်ကားထွက်ရင် ကြည့်မှာပါ။

အရင် Line Walker တုန်းက ကြည့်ထားတာ နည်းနည်းမေ့သွားတယ်။ Line Walker-2 ထွက်ပြီဆိုရင်တော့ Line Walker ကို ပြန်ကြည့်ပြီး Line Walker-2 ကိုကြည့်မှာပါ။ Line Walker-2 ရိုက်မယ်ဆိုတာကို Social Media စတဲ့ Facebook၊ YouTube တွေမှာ ရှာကြည့်လို့တွေ့တာပါ။ အဓိကတော့ မင်းသားသရုပ်ဆောင်တာကို ကြိုက်တာပေါ့။

ရန်ကုန်မြို့တွင်းရှိ မြို့နယ်တချို့၌ Line Walker - 2 (Operation Midnight Shadow) ရုပ်ရှင်၏ ဇာတ်ဝင်ခန်းများ ရိုက်ကူးဆောင်ရွက်လျက်ရှိရာတွင် အချိန်ပိုင်းလမ်းပိတ်ဆို့မှုများကြောင့် အများပြည်သူ သွားလာမှုအဆင်မပြေဖြစ်ခဲ့ပါက သည်းခံခွင့်လွှတ်ပေးပါရန် အဆိုပါရုပ်ရှင်အတွက် မြန်မာနိုင်ငံဘက်မှ တာဝန်ယူဆောင်ရွက်သည့် Yangon Synthesis Productions ကုမ္ပဏီက မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်း-ဝင်းမီမီ**
**ဓာတ်ပုံ-ရဲထွန်း**


ဦးအောင်သိန်းထွန်း


မနန်းခင်စံခန့်


မပန်းအိစံ


YMCA ခန်းမ၌ Line Walker - 2 ဇာတ်ဝင်ခန်းရိုက်ကူးနေမှုကို တွေ့ရစဉ်။

**“ရန်ကုန်မြို့တွင်းရှိ မြို့နယ်တချို့၌ Line Walker-2 (Operation Midnight Shadow) ရုပ်ရှင်၏ ဇာတ်ဝင်ခန်းများ ရိုက်ကူးဆောင်ရွက်လျက်ရှိရာတွင် အချိန်ပိုင်းလမ်းပိတ်ဆို့မှုများကြောင့် အများပြည်သူ သွားလာမှုအဆင်မပြေဖြစ်ခဲ့ပါက သည်းခံခွင့်လွှတ်ပေးပါရန် အဆိုပါရုပ်ရှင်အတွက် မြန်မာနိုင်ငံဘက်မှ တာဝန်ယူဆောင်ရွက်သည့် Yangon Synthesis Productions ကုမ္ပဏီက မေတ္တာရပ်ခံထား”**

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ ငပလီကမ်းခြေရှိ Jasmine Ngapali Resort ၌ ကျင်းပသွားမည်

**သံတွဲ ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲအား ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေရှိ Jasmine Ngapali Resort ၌ ကျင်းပသွားမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုပြပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထူးမင်းသိမ်းက “ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ လုပ်ရတဲ့ရည်ရွယ်ချက်ကတော့ ရခိုင်ပြည်နယ်မှာဆိုရင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်တဲ့ လုပ်ငန်းကဏ္ဍစုံမှာ အလားအလာတွေရှိတယ်။ ဒီအလားအလာတွေကို သိတဲ့သူလည်းနည်းတယ်။ လက်ရှိအချိန်မှာ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်မှုနည်းပါးသေးတဲ့အတွက် ဒါတွေကို တကယ်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လာအောင် ဖိတ်ခေါ်ချင်တယ်။ ဒီလိုမျိုးပြပွဲလုပ်ပြီး ဆွေးနွေးလိုက်ခြင်းအားဖြင့် နိုင်ငံတကာမှာ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မယ့် အလားအလာတွေ ပြည်တွင်းမှာ ရှိပါလားဆိုတဲ့ သတင်းအချက်အလက်တွေ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ သိရှိသွားမယ်။ ရခိုင်ပြည်နယ်ကို စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံမှုတွေလာမှာဖြစ်ပါတယ်” ဟု ပြောသည်။

ထိုရင်းနှီးမြှုပ်နှံမှုပွဲတော်တွင် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပြီး စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဌာနနှင့်ပတ်သက်သည့် မူဝါဒများ၊ ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့် စီမံကိန်းများ၊ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့က ဦးစီးကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲ၊ ကုလားတန်မြစ်စီမံကိန်း၊ လျှပ်စစ်မီးဆိုင်ရာများ စသည်တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးသွားမည်ဖြစ်သည်။

Biotech Farmconsult International Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးဇော်ဆွေက “ထိုင်းနိုင်ငံကထုတ်တဲ့ ရေချို၊ ရေငန် ပုစွန်အစာကို မိတ်ဆက်တဲ့အနေနဲ့ ဒီပွဲမှာလာပြတာပါ။ ရခိုင်ဒေသမှာက သဘာဝအရင်းအမြစ်တွေ အများကြီးရှိတယ်။ နယ်မြေတည်ငြိမ်မယ်၊ အစိုးရကလည်း ပံ့ပိုးမှုကောင်းမယ်ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ဝင်လာဖို့အများကြီးရှိတယ်။ သူတို့လည်း ရခိုင်ကို တော်တော်လေး စိတ်ဝင်စားတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေ ပိုများလာရင် နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုတွေ များများရှိလာမှာပါ၊ နိုင်ငံတော်ကလည်း ဒီလိုပွဲတွေ များများလုပ်ပေးရင် ပိုကောင်းမယ်လို့ ထင်ပါတယ်”ဟုပြောသည်။



ဒေါက်တာထူးမင်းသိမ်း



ဦးအေးဇော်ဆွေ



ဦးဝင်းမောင်မောင်



Dr. Denchai Akaradajdachachachai

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန သံတွဲရုံးခွဲတာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမောင်မောင်က ဒီပြခန်းမှာ ရခိုင်ပြည်နယ်ရဲ့အထင်ကရနေရာတွေအပြင် ရင်းနှီးမြှုပ်နှံမှုအတွက် ဖြစ်နိုင်ခြေရှိတဲ့ ထပ်ပြီးရင်းနှီးမြှုပ်နှံမယ့်နေရာတွေ၊ ခရီးစဉ် ဒေသအသစ်တွေကို ပြသထားတယ်။ ရခိုင်ပြည်နယ်ထဲမှာ ငပလီနဲ့ အနီးတစ်ဝိုက်မှာ ထပ်ပြီးရင်းနှီးမြှုပ်နှံလို့ရသေးတဲ့ ကမ်းခြေတွေ အများကြီး ရှိပါသေးတယ်။ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်လို့ရတဲ့နေရာတွေကိုလည်း ကျွန်တော်တို့ ပြသသွားမယ်။ သဘာဝအခြေပြုခရီးသွားလုပ်ငန်းနဲ့ ကမ်းခြေတွေ တိုးချဲ့ပြီး စီမံကိန်းတွေ ခရီးစဉ်အသစ်တွေ ပြသသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံဖြည့်စွက်ပြီး ပြောချင်တာက ရခိုင်ပြည်နယ်ထဲမှာရှိတဲ့ မာန်အောင်ကျွန်းဆိုတာ နောက်ထပ်ခရီးသွားလုပ်ငန်း အလားအလာအများကြီးရှိတဲ့ နေရာဖြစ်ပါတယ်။ အခုအချိန်မှာ တချို့ကုမ္ပဏီတွေ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေ ရှိနေပြီဆိုတာ ဒါလေးကိုလည်း သတင်းကောင်းပါးချင်ပါတယ်”ဟု ပြောသည်။

ပွဲတော်ကာလအတွင်း သဘာဝခရီးသွားလာရေး ဒေသများဖြစ်သည့် ငပလီအနီးရှိ ကမ်းခြေများ၊ အအေးခန်းစက်ရုံ၊ ဂွရှိ ကမ်းခြေဒေသများသို့ လေ့လာရေးခရီးစဉ်များလည်း စီစဉ်ထားကြောင်း သိရသည်။

ပြပွဲတွင် အစိုးရဌာနဆိုင်ရာပြခန်းများ၊ ပြည်တွင်း ပြည်ပ ကုမ္ပဏီများမှ လာရောက်ပြသသည့် ပြခန်းများ၊ ဒေသထွက်ကုန်ဆိုင်ရာ ပြခန်းများ စသဖြင့် ကဏ္ဍပေါင်းစုံမှ ပြခန်း ၄၀ ကျော် ပါဝင်ပြသထားမည်ဖြစ်သည်။

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် လာရောက်ပြသသည့် ထိုင်းနိုင်ငံ ရေထွက်ပစ္စည်း အစားအစာထုတ်လုပ်ရေး Tluxe Global Business ကုမ္ပဏီမှ ဒါရိုက်တာ Dr.Denchai Akaradajdachachachai က “အဓိကလာရင်းနှီးတာက ပစ္စည်းတွေ လာရင်းနှီးတာမဟုတ်ဘူး၊ နည်းပညာဖြန့်ဝေတာ။ အသိပညာဖြန့်ဝေတဲ့နေရာမှာ လာရောက်လုပ်ကိုင်မှာပါ။ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ဆိုင်တဲ့ လုပ်ငန်းတွေမှာ ဖြစ်ပါတယ်။ အခုက ရခိုင်ပြည်နယ်အစိုးရနဲ့ ပူးတွဲပြီးလုပ်ဖို့ စီမံကိန်းတော့ ရှိပါတယ်။ စစ်တွေက စမှာပါ။ အဓိကကငါးမွေးမြူရေး၊ ပုစွန်မွေးမြူရေး အသိပညာကို ပို့ချပေးဖို့ရှိပါတယ်။ ရခိုင်မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ရခိုင်ဒေသခံတွေကို မွေးမြူရေးနဲ့ဆိုင်တဲ့ အသိတွေ ပိုသိအောင်ကူညီချင်တယ်။ ရခိုင်ပြည်နယ်အစိုးရကလည်း အပြည့်အဝ အထောက်အကူပေးတယ်။ ရခိုင်ပြည်နယ်အစိုးရက ဘယ်လိုမျိုး ကုမ္ပဏီပဲလာလာ အမြဲတမ်းတံခါးဖွင့်ထားတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ အလွန်ကောင်းတဲ့နေရာလို့ မြင်ပါတယ်”ဟု ပြောသည်။

ပြပွဲသို့ စီးပွားရေးနှင့် ဆက်စပ်သည့် နိုင်ငံတကာသံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံတကာ ကုန်သည်အသင်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်မည့်အပြင် အွန်လိုင်းမှ စာရင်းပေးသွင်းသူများတွင် နိုင်ငံခြားသား ၅၀ ရာခိုင်နှုန်းကျော် စိတ်ဝင်တစား စာရင်းသွင်းခဲ့ပြီး အာရှ၊ အနောက်ဥရောပနိုင်ငံများမှ စာရင်းပေးသွင်းသူများအနက် ဂျပန်နှင့် ထိုင်းနိုင်ငံမှ အများဆုံးဖြစ်ကြောင်း သိရသည်။



**သတင်း-သီသီမင်း၊ မင်းသစ်၊ ဓာတ်ပုံ-နေလင်း**

## ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား ၆၁၉၄ ဦး၊ အမျိုးသမီး ၅၀၅၄ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၁၂၄၈ ဦး ချုပ်ဆိုခဲ့ပါသည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း လက်ခံရရှိမှု ၁၀၆ မှုတွင် ကျေအေးမှု ၂၇ မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၄ မှု၊ ပိတ်သိမ်းမှု ၂၂ မှုနှင့် ငွေကြေးအကျိုးခံစားခွင့် ၅၃ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၂၇၄ ဦးအား ငွေကျပ် ၈၀၀၁၀၂၅၃ ကို ခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့်ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင်ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ် သိန်းပေါင်း ၄၀၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/အလုပ်ရုံ ၃၅၀ အကြိမ်မှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု အကြိမ် ၂၄၀ ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိအဖွဲ့မှ အလုပ်သမားရေးရာ အငြင်းပွားမှု ၄ မှုလက်ခံရရှိရာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း တရားစွဲဆိုဆောင်ရွက်ပြီးစီးမှု ၁ မှုမှ အလုပ်သမား ၁ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၁၀ သိန်းကျော် ရရှိစေခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၃၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၈၆၅ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၀၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အလုပ်သမားဆေးရုံကြီး ၃ ရုံ ပြင်ပလူနာ ၇၄၄၆ ဦး ၊ အတွင်းလူနာ ၆၂၀ ပေါင်း ၈၀၆၆ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၆ ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း ၄ ခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း ၅ ခန်းတို့မှ ဆေးကုသပေးမှုပေါင်း ၇၃၆၂ ဦး၊ အလုပ်သမားဆေးရုံကြီး ၃ ရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု ၅ ကြိမ်မှ ၉၂၀၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ၆၂ ကြိမ်မှ ၁၉၅၇ ဦး၊ ရွေ့လျားဆေးကုသယာဉ် (MMU) ဖြင့် အလုပ်ဌာန ၃၁ ဌာနတွင် ဆေးကုသပေးမှုမှ ၆၂၅ ဦးတို့ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို)အခမ်းအနား ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

(၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း၌ ကျင်းပသည်။

အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် မွန်တိုင်းရင်းသားအလံတို့ကို အလေးပြုကြသည်။

ထို့နောက် မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဝမ်းမြောက်စကားပြောကြားပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနားအတွက် လှူဒါန်းငွေကျပ် သိန်း ၁၀၀ ကို ပွဲကျင်းပရေးကော်မတီထံ ပေးအပ်ပြီး ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**

**ဓာတ်ပုံ-ဟိန်းထက်(ပဲခူး)**

# (၇၂) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူ့ရင်ပြင်တွင် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

(၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူ့ရင်ပြင်တွင် ယနေ့ ညနေ ၆ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ နိုင်ဖေတင်(ကျင်းပရေးကော်မတီဥက္ကဋ္ဌ) နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ မွန်အမျိုးသားအလံနှင့် ကျဆုံးလေပြီးသော မွန်အာဇာနည်များကို အလေးပြုကြသည်။ ယင်းနောက် ဝန်ကြီးချုပ်နှင့် ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက အမှာစကားပြောကြားကြသည်။



ယင်းနောက် သဘာပတိ နိုင်တင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ (၇၂) ကြိမ်မြောက် မွန်အမျိုးသားနေ့(ရန်ကုန်) ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဖေတင်တို့က အမှာစကားပြောကြားကြသည်။ ယင်းနောက်နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာကို ဒုတိယဥက္ကဋ္ဌ(၂)မိနီလာခင်က ဖတ်ကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ထံမှ ပေးပို့သော သဝဏ်လွှာကို အတွင်းရေးမှူး မင်းရာဇာရဲထွဋ်က ဖတ်ကြားသည်။ ယင်းနောက် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ နိုင်စိုးအောင်က ကော်မတီ၏လုပ်ရှားဆောင်ရွက်ချက်များအား တင်ပြသည်။

အခမ်းအနားတွင် မွန်လူငယ်အဖွဲ့၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ-ရန်ကုန်)၊ တိုင်းရင်းသားကျေးရွာအဖွဲ့များက မွန်ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မွန်တေးသံရှင်များက အလှည့်ကျသီဆိုဖျော်ဖြေကြသည်။ ထို့ပြင် မွန်ရိုးရာစားသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ သံရုံးများမှ တာဝန်ရှိသူများ၊ NGO မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**

**ဇာနည်မောင်၊ အေးမင်းသူ**

# (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၀**

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ရခိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ဘသိန်း၊ ချင်းတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးသန်းကျော်နှင့် သိက္ခာတော်ရဆရာတော် ဦးအောင်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာကို ချင်းတိုင်းရင်းသား ဦးလောမ်ဘိခ်နှင့် ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးသန်းကျော်တို့က ဖတ်ကြားပြီး စစ်တွေမြို့ ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဇေယျာမင်းက ပညာထူးချွန်ဆုနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသည့် ချင်းတိုင်းရင်းသားလူငယ်များအား ဂုဏ်ပြုဆုများ ပေးအပ်သည်။



ယင်းနောက် ချင်းတိုင်းရင်းသားလူငယ်များက ချင်းရိုးရာ ဝါးညှပ်အက၊ စစ်တွေတက္ကသိုလ် ကျောင်းသားသမဂ္ဂမှ ရခိုင်ရိုးရာအကနှင့် ချင်းတိုင်းရင်းသား ကျောင်းသား ကျောင်းသူများက အမျိုးသားနေ့ ဂုဏ်ပြုသီချင်းတို့ကို သီဆိုဖြေဖျော်ကြသည်။

စစ်တွေမြို့နယ် ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဇေယျာမင်းက “ရခိုင်ပြည်နယ်ရဲ့မြို့တော် စစ်တွေမြို့ ဦးဥတ္တမခန်းမမှာ ယခုလို ကျင်းပနိုင်အောင် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကူညီမှု၊ ချင်းအမျိုးသားညီအစ်ကိုတွေရဲ့ စည်းလုံးညီညွတ်မှု၊ ရခိုင်တိုင်းရင်းသားတွေရဲ့ ချစ်ခင်မှုတွေကြောင့် အမျိုးသားနေ့ကို စည်စည်ကားကား ကျင်းပနိုင်တာဖြစ်ပါတယ်”ဟု ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ဖိလစ်ပိုင်တွင် ဝက်သက်ရောဂါဖြင့် လူ ၁၃၆ ဦး သေဆုံး

**မနီလာ ဖေဖော်ဝါရီ ၂၀**

ဖိလစ်ပိုင်နိုင်ငံတွင် ဆယ်စုနှစ်တစ်ခုအတွင်း ဝက်သက်ရောဂါ ဖြစ်ပွားသူဦးရေ အရေအတွက် အမြင့်မားဆုံးဖြစ်ပေါ်ခဲ့ပြီး ယင်းရောဂါကြောင့် သေဆုံးရသူ ဦးရေမှာ ၁၀၀ ကျော်ရှိကြောင်းနှင့် ဝက်သက်ရောဂါကြောင့် လူထောင်ပေါင်းများစွာ နာမကျန်းဖြစ်ရကြောင်း ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ပြောကြားကြသည်။

မြို့တော်မနီလာ တည်ရှိသည့် လူဇုန်ကျွန်းတွင် ဝက်သက်ရောဂါဖြစ်ပွားမှု ပြင်းထန်ကြောင်းနှင့် ဖေဖော်ဝါရီ ၁၅ ရက်အထိ လူပေါင်း ၄၄၄၃ ဦးမှာ အဆိုပါရောဂါ ဖြစ်ပွားခဲ့ပြီး သေဆုံးသူဦးရေမှာ ၁၃၆ ဦး ရှိကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။



ဝက်သက်ရောဂါ ဖြစ်ပွားသူဦးရေမှာ ယခင်နှစ် အလားတူကာလကထက် ငါးဆမျှတိုးလာခဲ့ကြောင်းနှင့် ယင်းအရေအတွက်၏ ထက်ဝက်ခန့်မှာ မွေးကင်းစကလေးငယ်များနှင့် အသက်တစ်နှစ်မှ လေးနှစ်အထိ ရှိသော ကလေးများဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်သည့် ဂျပန်နိုင်ငံသားများအနေဖြင့် ယင်းရောဂါ ကူးစက်ခံရသည်ဟု သံသယရှိလျှင် ဆေးဘက်ဆိုင်ရာ ကုသမှုကို အလျင်အမြန်လုပ်ဆောင်ကြရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေး၏ ပထမဦးဆုံး လစူးစမ်းလေ့လာရေးယာဉ် ယခုရက်သတ္တပတ်အတွင်း လွှတ်တင်မည်

**တဲလ်အဗစ် ဖေဖော်ဝါရီ ၂၀**

အစ္စရေးနိုင်ငံ၏ ပထမဦးဆုံး လစူးစမ်းလေ့လာရေးယာဉ်ကို ယခုရက်သတ္တပတ်အတွင်းတွင် လွှတ်တင်မည်ဖြစ်ကြောင်းနှင့် လူလိုက်ပါခြင်းမရှိသည့် အဆိုပါယာဉ်သည် အချက်အလက်များကို စုဆောင်းရယူပြီး နာဆာအဖွဲ့နှင့် မျှဝေမှုများပြုလုပ်သွားမည်ဟု အာကာသယာဉ်လွှတ်တင်ရေးစီစဉ်နေသူများက ပြောကြားသည်။

အလေးချိန် ၅၈၅ ကီလိုဂရမ် (ပေါင် ၁၂၉၀)ရှိသည့် စူးစမ်းလေ့လာရေးယာဉ်အား အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကာနေဗာရယ်အငူမှ ဖယ်လ်ကွန်-၉ ဒုံးယာဉ်ဖြင့် ဖေဖော်ဝါရီ ၂၂ ရက် ဂရင်းနစ်စံတော်ချိန် ဝ၁း၄၅ ဝန်းကျင်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

အာကာသယာဉ် လွှတ်တင်မည့်ရက်စွဲကို အစ္စရေးလေကြောင်းအာကာသစက်မှုလုပ်ငန်း(အိုင်အေအိုင်)နှင့် အစိုးရမဟုတ်သော နည်းပညာဆိုင်ရာလုပ်ငန်း စပေ့စ်အိုင်အယ်လ်တို့ကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။




ယင်းအာကာသစူးစမ်းလေ့လာရေးယာဉ်အား အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့အနီးရှိ ရီဟွတ်စခန်းမှ ထိန်းချုပ်သွားမည်ဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

လတ်တလောတွင် ကမ္ဘာပေါ်၌ လမျက်နှာပြင်ပေါ်သို့ စူးစမ်းလေ့လာရေးယာဉ်များ လွှတ်တင်နိုင်သည့် နိုင်ငံများမှာ ရုရှား၊ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သာ ရှိသည်။

တရုတ်နိုင်ငံမှ လွှတ်တင်ခဲ့သော လစူးစမ်းလေ့လာရေးယာဉ်သည် ယခုနှစ် ဇန်နဝါရီ ၃ ရက်က လကမ္ဘာ၏ အခြားဘက်အစွန်ခြမ်းတွင် ညင်သာစွာ ဆင်းသက်ခဲ့ပြီး ယင်းဘက်အခြမ်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံမှ ပထမဦးဆုံးအကြိမ်အဖြစ် လွှတ်တင်မည့် လစူးစမ်းလေ့လာရေးယာဉ်သည် ခရီးတာ ကီလိုမီတာ ၆ ဒသမ ၅ သန်း(မိုင်တစ်သန်း)ကို အမြန်နှုန်း အမြင့်ဆုံး တစ်စက္ကန့်လျှင် ၁၀ ကီလိုမီတာ (တစ်နာရီလျှင် ကီလိုမီတာ ၃၆၀၀၀) နှုန်းဖြင့် သွားရောက်မည်ဖြစ်ကြောင်း အိုင်အေအိုင်၏ ကြေညာချက်တွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# ဂါဇာကမ်းမြောင် မြောက်ပိုင်းတွင် ပါလက်စတိုင်းဆန္ဒပြသမားများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွား၊ ပါလက်စတိုင်း ၂၀ ဒဏ်ရာရ

**ဂါဇာ ဖေဖော်ဝါရီ ၂၀**

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းတွင် ရာပေါင်းများစွာသော ပါလက်စတိုင်းလူမျိုး ဆန္ဒပြသမားများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုတစ်ရပ် ဖေဖော်ဝါရီ ၁၉ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ရာ အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူမျိုး ဆန္ဒပြသူ ၂၀ ထက်မနည်း ဒဏ်ရာရခဲ့ကြောင်း ဆရာဝန်များက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူမျိုး ၂၀ ဒဏ်ရာများရခဲ့ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူ အရှက်ဖ်အယ်လ်ကီဒရာက သတင်းထောက်များအား ပြောကြားသည်။ ယင်းပစ်ခတ်မှုသည် ဂါဇာကမ်းမြောင်မြောက်ဘက်ပိုင်း အစ္စရေးနယ်စပ်အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သည့် မျက်ရည်ယိုဗုံးများမှ ထွက်ပေါ်လာသည့် အခိုးအငွေ့များကို ရှူရှိုက်မိ၍ ပါလက်စတိုင်း ဆန္ဒပြသမားများ အသက်ရှူကျပ်သည့်ဝေဒနာခံစားရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဆန္ဒပြသမားများက ပါလက်စတိုင်း အလံများကို ဝှေ့ယမ်းကြပြီး အစ္စရေးတပ်ဖွဲ့ဝင်များအား ကျောက်တုံးကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင် ရာပေါင်းများစွာရှိသည့် ပါလက်စတိုင်း ဆန္ဒပြသမားများသည် ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ အစ္စရေးနယ်စပ်အနီး၌ စုဝေးခဲ့ကြသည်။ ၎င်းတို့သည် ၂၀၀၇ ခုနှစ် နှစ်လယ်ပိုင်းကတည်းက ဂါဇာကမ်းမြောင်အား အစ္စရေးတို့ပိတ်ဆို့ထားခဲ့မှုကို အဆုံးသတ်ရေးအတွက် တောင်းဆိုသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် အစ္စရေးဆန့်ကျင်ရေး ဆန္ဒပြမှုများကို လုပ်ဆောင်ကြခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသရှိ အစ္စရေးနယ်စပ်အနီးတွင် ပါလက်စတိုင်းတို့၏ ဆန္ဒပြမှုများ စတင်ဖြစ်ပွားလာကတည်းက ယခုအထိ အစ္စရေးစစ်ဘက်မှ ပစ်ခတ်ခဲ့မှုကြောင့် ပါလက်စတိုင်းဆန္ဒပြသမား ၂၅၀ ကျော်သေဆုံးပြီး ထိခိုက်ဒဏ်ရာရသူ ၂၆၀၀၀ ရှိကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ**



# အထက်လွှတ်တော်အမတ် ဘာနီဆန်းဒါးစ် အမေရိကန်သမ္မတရွေးကောက်ပွဲ ဒုတိယအကြိမ် ပြိုင်မည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

အမေရိကန်အထက်လွှတ်တော်အမတ် ဘာနီဆန်းဒါးစ်က အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒုတိယအကြိမ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်တွင် အမည်စာရင်းတင်သွင်းလိုက်သည်။

အသက် ၇၇ နှစ် ရှိပြီဖြစ်သည့် ဘာနီဆန်းဒါးစ်သည် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူများနှင့် ပူးပေါင်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် လက်ရှိသမ္မတဒေါ်နယ်ထရန့်နှင့် ယှဉ်ပြိုင်အရွေးခံရရေးအတွက် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသည့် ကိုယ်စားလှယ်များနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဒီမိုကရက်တစ် ဆိုရှယ်လစ်တစ်ဦးအဖြစ် ခံယူထားသည့် ဘာနီဆန်းဒါးစ်သည် ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။

**အေအက်ဖ်ပီ**

# အာဖဂန်နစ္စတန်ကိစ္စဆွေးနွေးရန် အာရှအလယ်ပိုင်းနှင့် တောင်ပိုင်း စစ်ဦးစီးချုပ်များနှင့် အမေရိကန်တပ်မှူးတို့ ဥဇဘက်ကစ္စတန်တွင် တွေ့ဆုံမည်

**တက်စ်ကန့် ဖေဖော်ဝါရီ ၂၀**

အာရှအလယ်ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများမှ စစ်ဦးစီးချုပ်များနှင့် အမေရိကန်တပ်မှူးတို့သည် အာဖဂန်နစ္စတန်၏ အခြေအနေနှင့် လုံခြုံရေးကိစ္စများ ဆွေးနွေးရန် ဥဇဘက်ကစ္စတန်၌ ဖေဖော်ဝါရီ ၂၁ ရက်တွင် တွေ့ဆုံမည်ဟု ဥဇဘက်ကစ္စတန်ကာကွယ်ရေးဝန်ကြီးက ယနေ့ပြောကြားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ဆွေးနွေးပွဲသို့ ဥဇဘက်ကစ္စတန်၊ ကာဇက်စတန်၊ ပါကစ္စတန်၊ တာမင်နစ္စတန်၊ တာဂျစ်ကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှ စစ်ဦးစီးချုပ်များ၊ ကာဂျီစတန်နိုင်ငံ ဒုတိယစစ်ဦးစီးချုပ်နှင့် အမေရိကန်တပ်မှူးတို့ တက်ရောက်မည်ဟု ဥဇဘက်ကစ္စတန် ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပါဝင်သူများသည် ဒေသဆိုင်ရာလုံခြုံရေးအခြေအနေများ၊ အာဖဂန်နစ္စတန်နိုင်ငံ တည်ငြိမ်ရေးအခြေအနေ၊ အကြမ်းဖက်မှုဆန့်ကျင်တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် ဆိုက်ဘာအရေးကိစ္စများကို ဆွေးနွေးမည်ဖြစ်သည်။

စစ်ဦးစီးချုပ်များသည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲများလည်း ကျင်းပသွားမည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လည်း မကြာမီ အထမြောက်လာမှာဖြစ်သလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အားလုံး တစုတစည်းတည်းဖြစ်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာမယ်လို့ မျှော်လင့်ပါတယ်

နီပေါသံအမတ်ကြီး Mr. Bhim Udas

**ဖေဖော်ဝါရီလ ၁၇ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim Udas နှင့် တွေ့ဆုံမေးမြန်းမှုကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။**

ဘာသာပြန်ဆိုသူ - ဒေါက်တာ သာစိန်

(ယမန်နေ့မှအဆက်)

**မေး။ ။နီပေါနိုင်ငံဟာ ဗုဒ္ဓရဲ့မွေးဖွားရာနေရာဖြစ်တဲ့အတွက် မြန်မာခရီးသွားတွေ အထူးစိတ်ဝင်စားကြပါတယ်။ အရင်က နီပေါနဲ့ မြန်မာနိုင်ငံအကြား တိုက်ရိုက်လေကြောင်းလိုင်းရှိခဲ့တယ်လို့ သိရပါတယ်။ နီပေါနိုင်ငံအစိုးရအနေနဲ့ နှစ်နိုင်ငံအကျိုးစီးပွားအတွက် နီပေါနဲ့ မြန်မာနိုင်ငံအကြား တိုက်ရိုက်လေကြောင်းလိုင်း ပြန်လည်စတင်ဖို့ အစီအစဉ်ရှိပါသလား။**

ဖြေ။ ။ဒီမေးခွန်းအတွက် ကျေးဇူးတင်ပါတယ်။ ၁၉၇၀ ပြည့်နှစ်များက ရန်ကုန်နဲ့ ခတ္တမန္ဒူအကြား တိုက်ရိုက်လေကြောင်းလိုင်း ရှိခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်က မြန်မာနိုင်ငံရဲ့ ပြည်တွင်းပဋိပက္ခနဲ့ ဒီမိုကရေစီလှုပ်ရှားမှုတွေကြောင့် ရပ်စဲခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ရန်ကုန်နဲ့ ခတ္တမန္ဒူအကြား ဟိမဝန္တာလေကြောင်းလိုင်း စတင်ပျံသန်းခဲ့သော်လည်း အချိန်ကြာအောင် ပျံသန်းနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒီလိုအခက်အခဲတွေ ရှိနေသည့်တိုင် ပြီးခဲ့တဲ့နှစ်က နီပေါနိုင်ငံကိုလာရောက်တဲ့ ဘုရားဖူးဧည့်သည် သုံးသောင်းကျော်ရှိခဲ့ပါတယ်။

### ခရီးစဉ်ကို နှစ်သက်

ခရီးသွားတွေဟာ ငွေကုန်ကြေးကျနည်းပြီး အချိန်တိုအတွင်း မြန်ဆန်စွာရောက်ရှိနိုင်တဲ့ ခရီးစဉ်ကို နှစ်သက်ကြပါတယ်။ ရန်ကုန်နဲ့ ခတ္တမန္ဒူအကြား တိုက်ရိုက်ပျံသန်းရင် နှစ်နာရီခွဲသာကြာပြီး ဈေးနှုန်းလည်းချိုသာပါတယ်။ အခုတော့ ခရီးသည်တွေဟာ ၆ နာရီကနေ ၁၂ နာရီကြာအောင် ဗန်ကောက်ကနေ (သို့မဟုတ်) ကွာလာလမ်ပူကနေတစ်ဆင့် သွားရတဲ့အတွက် အကုန်အကျလည်းများသလို အဆင်ပြေမှုလည်း မရှိကြပါဘူး။

### ကုန်ကျစရိတ်နည်းပါးစွာနဲ့ရောက်ရှိလာနိုင်

သို့သော်လည်း မြန်မာနိုင်ငံက ဘုရားဖူးတွေဟာ ရန်ကုန်ကနေ ဗုဒ္ဓဂယာကို စင်းလုံးငှားလေယာဉ်နဲ့ သွားကြပြီး အဲဒီကနေတစ်ဆင့် လုမ္ဗိနီကို ကုန်းလမ်းခရီးနဲ့ သွားခဲ့ကြပါတယ်။ လုမ္ဗိနီမှာ တရားထိုင်ဖို့အချိန် ပိုရလာခဲ့ကြပါတယ်။ လောလောဆယ်မှာတော့ ဒီနည်းလမ်းကို ရွေးချယ်လို့မရသေးပါဘူး။ အခုနှစ်စက်တင်ဘာလကစပြီး လုမ္ဗိနီမှာ ဂေါတမဗုဒ္ဓ နိုင်ငံတကာလေဆိပ် ဖွင့်လှစ်မှာဖြစ်ပါတယ်။ ဘုရားဖူးတွေဟာ ရန်ကုန် (သို့မဟုတ်) မန္တလေးကနေ လုမ္ဗိနီကို လေယာဉ်နဲ့ ကုန်ကျစရိတ်နည်းပါးစွာနဲ့ရောက်ရှိလာနိုင်ပြီး လုမ္ဗိနီမှာ လည်ပတ်ချိန် ပိုရကြမှာဖြစ်ပါတယ်။

### ဆွေးနွေးခဲ့ကြ

တိုက်ရိုက်လေကြောင်းပျံသန်းရေးနဲ့ပတ်သက်ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခတ္တမန္ဒူကိုရောက်ရှိလာစဉ်တုန်းက ဆွေးနွေးခဲ့ကြပါတယ်။ ၂၀၂၀ ပြည့်နှစ်ဟာ နီပေါခရီးသွားနှစ်ဖြစ်တဲ့အတွက် မြန်မာကနေ လုမ္ဗိနီကို စင်းလုံးငှားလေယာဉ်ပျံသန်းလိုက်ခြင်းက လတ်တလောဖြေရှင်းနည်းတစ်ခု ဖြစ်လာဖို့ရှိပါတယ်။

**မေး။ ။မြန်မာနိုင်ငံကခေါင်းဆောင်တွေလည်း နီပေါနိုင်ငံကို မကြာသေးမီက သွားရောက်လည်ပတ်မှု ရှိခဲ့ပါတယ်။ သံအမတ်ကြီးအနေနဲ့ မြန်မာနဲ့ နီပေါ နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေနဲ့ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အကြံပြုစရာတွေရှိပါသလား။**

ဖြေ။ ။မှန်ပါတယ်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကနေ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထိ အဆင့်မြင့်အရာရှိတွေ အပြန်အလှန်လည်ပတ်မှု လေးကြိမ်ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံဘက်ကတော့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ၂၀၁၈ ခုနှစ် ဩဂုတ်လက လာရောက်လည်ပတ်ခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀၁၈ ခုနှစ် နိုဝင်ဘာလက လာရောက်လည်ပတ်ခဲ့ပါတယ်။ ထို့နည်းတူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ပထမဆုံးအကြိမ် လာရောက်လည်ပတ်ခဲ့ပါတယ်။ ဒါကြောင့်မို့လည်း နီပေါတပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ရာဂျင်ဒရာချက်ထရီက ၂၀၁၈ ခုနှစ် ဇူလိုင်လမှာ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့ခြင်းဖြစ်ပါတယ်။ အပြန်အလှန်လည်ပတ်မှုအားလုံးဟာ မြန်မာနဲ့နီပေါနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးမှာ သမိုင်းမှတ်တိုင်ဖြစ်ခဲ့ပါတယ်။



နီပေါသံအမတ်ကြီး Mr. Bhim Udas

> **နှစ်နိုင်ငံအနေနဲ့ ကုန်သွယ်မှုတိုးမြှင့်မယ်ဆိုရင် အခွင့်အလမ်းများစွာ ရရှိလာကြမှာ ဖြစ်ပါတယ်။ ကုန်သွယ်ရေးအတွက် ထောက်ပံ့ပို့ဆောင်ရေးဟာ မရှိမဖြစ် လိုအပ်ပါတယ်**

### အပြန်အလှန်လည်ပတ်

အပြန်အလှန်လည်ပတ်ကြတဲ့အတွက် နှစ်နိုင်ငံကြားကုန်သွယ်ရေး သိသိသာသာမြင့်မားလာခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က မြန်မာက နီပေါဘက်ကို ပဲမျိုးစုံတန်ချိန် ၇၀၀၀၀ ခန့် တင်ပို့ခဲ့ပါတယ်။ ပဲမျိုးစုံအပြင် အထပ်သားနဲ့ သစ်သားပစ္စည်းများကိုလည်း တင်ပို့လျက်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က ခတ္တမန္ဒူမှာ ကျင်းပတဲ့ နိုင်ငံတကာကုန်စည်ပြပွဲမှာလည်း မြန်မာနိုင်ငံက ပထမဆုံးအကြိမ် ပါဝင်ပြသခဲ့ပါတယ်။ ငါးနဲ့ ပုစွန်တွေကလည်း နီပေါနိုင်ငံမှာ အရောင်းသွက်တဲ့ ရေထွက်ပစ္စည်းတွေဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နီပေါနိုင်ငံကို အလည်အပတ်မလာရောက်မီ ၂၀၁၈ ခုနှစ် ဩဂုတ်လစောစောပိုင်းက မြန်မာစီးပွားရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ နီပေါနိုင်ငံကို လာရောက်ခဲ့ပါသေးတယ်။ ထို့နည်းတူ နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုမြှင့်တင်ရေးအတွက် နီပေါစီးပွားရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ အခုနှစ်မှာ မြန်မာနိုင်ငံကို လာရောက်ဖို့ရှိပါတယ်။ နီပေါနိုင်ငံက စိတ်ဝင်စားဖွယ်ပစ္စည်းတွေကတော့ လက်ရက်ကော်ဇောများ၊ ဆေးဖက်ဝင်အပင်များနှင့် လက်မှုပညာပစ္စည်းများ ဖြစ်ပါတယ်။

### ကုန်သွယ်မှုတိုးမြှင့်

နှစ်နိုင်ငံအနေနဲ့ ကုန်သွယ်မှုတိုးမြှင့်မယ်ဆိုရင် အခွင့်အလမ်းများစွာ ရရှိလာကြမှာဖြစ်ပါတယ်။ ကုန်သွယ်ရေးအတွက် ထောက်ပံ့ပို့ဆောင်ရေးဟာ မရှိမဖြစ်လိုအပ်ပါတယ်။ အိန္ဒိယအစိုးရနဲ့ မကြာသေးမီက သဘောတူညီချက်အရ အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားနဲ့ ဝိသာခါပတ်နမ်မြို့မှ နီပေါနိုင်ငံ ဘာဂူနာဆိပ်ကမ်းသို့ ကုန်သေတ္တာတိုက်ရိုက်တင်ပို့နိုင်ခဲ့တဲ့အတွက် ဒီအစီအစဉ်ကနေ မြန်မာကုန်သည်များအတွက်လည်း အချိန်ကုန်၊ ငွေကုန် သက်သာလာတော့မှာပဲဖြစ်ပါတယ်။

**မေး။ ။မြန်မာနိုင်ငံမှာ နီပေါနွယ်ဖွားမြန်မာနိုင်ငံသားတွေ အထိုက်အလျောက်ရှိနေပါတယ်။ သူတို့တွေအတွက် သတင်းစကားပါးပေးစေလိုပါတယ်။**

ဖြေ။ ။မြန်မာနိုင်မှာနေထိုင်တဲ့ နီပေါနွယ်ဖွား မြန်မာနိုင်ငံသား တစ်သိန်းငါးသောင်းခန့်ရှိပါတယ်။ နီပေါတွေဟာ ၁၈၈၅ ခုနှစ်ကတည်းက မြန်မာနိုင်ငံထဲကို ပထမဆုံးအကြိမ် ဝင်ရောက်လာခဲ့ကြတဲ့ မှတ်တမ်းတွေ ရှိခဲ့ပါတယ်။ သူတို့အထဲက တော်တော်များများဟာ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပြီး အဲဒီအထဲက အချို့ကတော့ ဒီနိုင်ငံမှာပဲ အသက်ပေးသွားခဲ့ကြပါတယ်။

### ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်း

အခုအချိန်မှာတော့ အခြားတိုင်းရင်းသားများနဲ့အတူ မြန်မာနိုင်ငံသားတွေအဖြစ် အတူတကွအေးချမ်းစွာရှိနေကြပြီး မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွေမှာ ပါဝင်လျက်ရှိပါတယ်။ တစ်ပါးသူရဲ့ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနဲ့ ကိုးကွယ်ရာဘာသာကို အလေးအမြတ်ထားသလို သူတို့ရဲ့ဘာသာ၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းတွေကိုလည်း ထိန်းသိမ်းခဲ့ကြပါတယ်။

### အပြုသဘောနဲ့ ပါဝင်

သူတို့ဆီကို ပေးပို့ချင်တဲ့သတင်းစကားကတော့ မြန်မာနိုင်ငံဟာ သူတို့ရဲ့အမိမြေဖြစ်သလို နီပေါနိုင်ငံဟာလည်း သူတို့ရဲ့အဖမြေဖြစ်တယ်ဆိုတာကိုလည်း သတိရစေချင်တယ်။ ထို့အတူ နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပြည်သူအချင်းချင်းဆက်ဆံရေးမြှင့်တင်ရာမှာ အပြုသဘောနဲ့ ပါဝင်ကြဖို့နဲ့ မြန်မာနိုင်ငံက သူတို့ရဲ့ဘိုးဘွားတွေ ပြသခဲ့တဲ့ ရဲရင့်မှု၊ သစ္စာရှိမှုနဲ့ ရိုးသားဖြောင့်မတ်မှုတွေကို အမြဲသတိရကြဖို့ဆိုတဲ့ သတင်းစကားပါပဲ။

**မေး။ ။နောက်ဆုံးမေးခွန်းကတော့ မြန်မာနိုင်ငံမှာ သံအမတ်ကြီး နေထိုင်လုပ်ကိုင်ရတာနဲ့ပတ်သက်ပြီး ဘယ်ဟာကိုအကြိုက်ဆုံးဖြစ်ပါသလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။မြန်မာနိုင်ငံကို ကြိုက်နှစ်သက်တဲ့အတွက် နောက်ထပ်တစ်ခေါက်ပြန်လာခြင်း ဖြစ်ပါတယ်။ အစိုးရက ဒီတာဝန်ပေးလိုက်တဲ့အပေါ် ကျွန်တော့်အနေနဲ့ အလွန်ပျော်ခဲ့ရပါတယ်။ မြန်မာနိုင်ငံသားတွေဟာ ရိုးသားကြတယ်၊ မော်ကြွားမှုမရှိဘူး၊ ထူးကဲကြပါတယ်။ မြန်မာနိုင်ငံသားနဲ့ ကျွန်တော်တို့တစ်တွေဟာ ဘာသာတူ၊ ယဉ်ကျေးမှုတူ၊ နေထိုင်စားသောက်မှုလည်း တူကြပါတယ်။ ခင်ဗျားတို့ နီပေါကို သွားရောက်လည်ပတ်မယ်ဆိုရင် နီပေါနိုင်ငံသားတွေက သူတို့နိုင်ငံသားတစ်ဦးအဖြစ် မှတ်ယူမှာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံက လှပတဲ့နေရာဒေသတော်တော်များများကို ကျွန်တော်မရောက်ခဲ့သေးပါဘူး။ မြန်မာနိုင်ငံမြောက်ပိုင်းက အင်းတော်ကြီးနဲ့ တောင်ပိုင်းက ပင်လယ်ကမ်းခြေဒေသတွေအပါအဝင် လှပတဲ့ဒေသတွေကို သွားရောက်လည်ပတ်ဖို့ ရည်မှန်းထားပါတယ်။ နီပေါမှာဆိုရင်တော့ ပင်လယ်ကမ်းခြေကို တွေ့ရဖို့မလွယ်ပါဘူး။

**မေး။ ။မြန်မာပြည်သူတွေကို ထပ်မံပြောကြားချင်တဲ့စကားတွေ ရှိပါသလား။**

ဖြေ။ ။မြန်မာပြည်သူတွေအတွက် ဆုမွန်ကောင်းတောင်းပေးပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လည်း မကြာမီ အထမြောက်လာမှာဖြစ်သလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အားလုံး တစုတစည်းတည်းဖြစ်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာမယ်လို့ မျှော်လင့်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလည်း ချောချောမောမော တည်တည်တံ့တံ့ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ မြန်မာပြည်သူတွေဟာ ကမ္ဘာပေါ်မှာ အလှူအတန်းအများဆုံးလုပ်တဲ့သူတွေဖြစ်တဲ့အတွက် ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ ထိုက်တန်တဲ့သူတွေပါ။ မြန်မာနိုင်ငံမှာ အလှူအတန်းတွေ များပြားနေခြင်းဟာ မြန်မာပြည်သူတွေရဲ့သဒ္ဓါတရားအားကောင်းမှုကို ပြသနေတာပဲ ဖြစ်ပါတယ်။ မြန်မာပြည်သူတွေကို ကျွန်တော်ချီးကျူးပါတယ်။



# ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသော မြန်မာနိုင်ငံသားများအား ပြန်လည်လက်ခံကြိုဆို

**မြဝတီ ဖေဖော်ဝါရီ ၂၀**

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသော မြန်မာနိုင်ငံသားများအား နှစ်နိုင်ငံမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယနေ့မွန်းလွဲ ၂ နာရီတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၄) ရပ်ကွက်ရှိ ကျောက်လုံးကြီး ပြန်လည်ကြိုဆိုလက်ခံရေးစခန်း၌ အခမ်းအနားဖြင့် ကြိုဆိုလက်ခံခဲ့သည်။



**ပြန်လည်ဝင်ရောက်လာ**

အခမ်းအနားတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က အဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်သန်းက ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများနှင့်ပတ်သက်၍လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ဆွေက မြန်မာနိုင်ငံသားများအား လွှဲပြောင်းလက်ခံနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန (IOM) မှ Mr. Phichit က ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လာသော မြန်မာနိုင်ငံသားများအတွက် CI စာအုပ်များ ပေးအပ်ရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က လက်ခံရယူသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ဆွေတို့က နေရပ်ပြန် မြန်မာနိုင်ငံသားများအတွက် ဌာနအသီးသီးမှ ထောက်ပံ့သည့် ပစ္စည်းများအား ထောက်ပံ့ပေးအပ်သည်။

ယနေ့ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန် မြန်မာနိုင်ငံသားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ရန်ကုန်အခြေစိုက် ဖြူစင်စေတနာပရဟိတအဖွဲ့တို့က လူသုံးကုန်ပစ္စည်းများနှင့် ဆန်၊ ဆီ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

**လက်ခံခဲ့**

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသော မြန်မာနိုင်ငံသားများအား ယနေ့ပြန်လည်လက်ခံခြင်းသည် တတိယအကြိမ်ဖြစ်ပြီး အမျိုးသား ၂၈၅ ဦး၊ အမျိုးသမီး ၂၉၀ တို့အား ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တိုင် ပြန်လည်လက်ခံသွားမည်ဖြစ်ကာ ပထမအကြိမ်တွင် အမျိုးသား ၃၀ နှင့် အမျိုးသမီး ၃၅ ဦး၊ ဒုတိယအကြိမ်တွင် အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၃၉ ဦးတို့ကို လက်ခံခဲ့ကြောင်း သိရသည်။

ပထမနေ့တွင် အိမ်ထောင်စု ၃၂ စုမှ အမျိုးသား ၆၆ ဦး၊ အမျိုးသမီး ၆၇ ဦးတို့ ပြန်လည်ရောက်ရှိခြင်းဖြစ်ပြီး ၎င်းတို့၏ ခေတ္တနေထိုင်စားသောက်ရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးများကို သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# စစ်ကိုင်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီ ၄ မိနစ်က ပိုင်ရှင် ဦးမျိုးမင်း၏ နေအိမ်၌ အိမ်ငှားနေသူ ဒေါ်အေးမိစံ ဘုရားမီးပူဇော်ထားသည့် ရောင်စုံမီးပလပ်ခုံအပူလွန်ကဲရာမှ ဘေးထရံသို့ မီးကူးစက်လောင်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးသီဟ ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ဒေသခံတို့က မီးငြိမ်းသတ်ယာဉ် လေးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။ **မျိုးဝင်း (စစ်ကိုင်း)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တစ်ပတ်အတွင်း တရားမဝင်ကျွန်းသစ် ၂၉၈ တန်ကျော်နှင့် သစ်ခိုးထုတ်သူ ၄၂ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက် (တစ်ပတ်)အတွင်း ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် တရားမဝင်ကျွန်းသစ် ၂၉၈ ဒသမ ၅၈၅၆ တန်နှင့် တရားမဝင် သစ်ခိုးထုတ်သူ ၄၂ ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ထို့ပြင် သစ်တောထွက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် ကျွန်းတံခါး၊ တံခါးဆံ အစိတ်အပိုင်းများ သုည ဒသမ ၈၉၆ တန်၊ လုံးပတ်သုံးပေအောက် သစ် ၃ ဒသမ ၀၈၆ တန်၊ ကျွန်းယောင်ခြမ်း ၄၂ ခြမ်း (၂ ဒသမ ၆၀၆၀ တန်)၊ ထင်းခွဲခြမ်း ၉ ဒသမ ၈၂၀၈ တန်၊ မီးသွေး ၈ ဒသမ ၈ တန်၊ ကျွန်းလှေ တစ်စင်း၊ လမ်းခင်းကျောက်ကြီး ၆ ဒသမ ၅ ကျင်း၊ သစ်စက် အင်ဂျင် ငါးလုံး၊ လွှဝိုင်း ငါးဝိုင်း၊ ယာဉ် ၂၉ စီးနှင့် အခြားဆက်စပ်ပစ္စည်းတို့ကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **ကိုမျိုး**

# အထောက်အထားမဲ့ရွှေ့ပြောင်း အလုပ်သမား ၁၂ ဦး ပြန်လည်လက်ခံ

**တာချီလိတ် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၂ ဦးကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် (CNCMC) တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ၂၈၅ ဦးရှိပြီး အမျိုးသား ၁၇၉ ဦး၊ အမျိုးသမီး ၉၈ ဦးနှင့် ကလေးရှစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# သံလွင်တံတား(မော်လမြိုင်)ပေါ်၌ တောင်တက်ယာဉ်နှင့် လိုက်ထရပ်ယာဉ်တို့ တိုက်မှုဖြစ်ပွား

**မော်လမြိုင် ဖေဖော်ဝါရီ ၂၀**

သံလွင်တံတား(မော်လမြိုင်)ပေါ်၌ ယနေ့ညပိုင်းက နွားလပို့တောင်တက်ယာဉ်နှင့် လိုက်ထရပ်ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ယနေ့ည ၇ နာရီခန့်က သံလွင်တံတား (မော်လမြိုင်) ရှိ တိုင် RP ၁၇ နှင့်၁၈ ကြား၌ ပဲခူးမြို့တွင် ကျင်းပသည့် မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနားမှ ပြန်လာကြသော လိုက်ထရပ်ယာဉ်နှင့် နွားလပို့တောင်တက်ယာဉ်တို့ တိုက်မိမှုဖြစ်ပွားခဲ့ပြီး လိုက်ထရပ်ယာဉ်ပေါ်လိုက်ပါလာကြသော မွန်ဖျော်ဖြေရေးအဖွဲ့မှ အမျိုးသမီးရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ယင်းဒဏ်ရာရ လူနာများအား မော်လမြိုင်လူမှုကယ်ဆယ်ရေးအဖွဲ့နှင့် ရာမညအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တို့က ပြုစုမှုများ ဆောင်ရွက်ပေးခဲ့ပြီး မော်လမြိုင်ဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

မော်လမြိုင်လူမှုကယ်ဆယ်ရေးအဖွဲ့မှ သတင်းများအရ ဒဏ်ရာပြင်းထန်သူရှိသော်လည်း လူအသေအပျောက်မရှိကြောင်းနှင့် ဒဏ်ရာရလူနာများမှာ ကျိုက်မရောကနာလိုရွာမှဖြစ်ကြောင်း ကနဦး သတင်းများအရ သိရသည်။ **ပွင့်သစ္စာ**





# (၇၂) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား သထုံတွင်ကျင်းပ

**သထုံ ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်တွင် (၇၂) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို မရမ်းကုန်းကျေးရွာ ရွှေမာလာဘုရားဝင်းအတွင်း၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက စည်ကားစွာ ကျင်းပသည်။

မွန်အမျိုးသားနေ့ကို မွန်တိုင်းရင်းသားတို့၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ လူမျိုးနှင့် ဘာသာစကား စသည်တို့အား မေ့ပျောက်သွားခြင်းမရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သထုံမြို့နယ် မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ နိုင်တင်နွယ်က ပြောသည်။

အဆိုပါနေ့တွင် သထုံမြို့နယ်အတွင်းရှိ အသက် ၈၀ နှင့်အထက် မွန်တိုင်းရင်းသားသက်ကြီးဘိုးဘွားများအား ကျင်းပရေးကော်မတီဝင်များက လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သောမွန်တိုင်းရင်းသား တိုင်းရင်းသူများအား ဆုများချီးမြှင့်ကာ မွန်ယဉ်ကျေးမှုအဖွဲ့များက ယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့ ပလက်ဝတွင် ကျင်းပ

**ပလက်ဝ ဖေဖော်ဝါရီ ၂၀**

ချင်းပြည်နယ် ပလက်ဝမြို့တွင် (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီက မြို့နယ် မိုးလုံလေလုံအားကစားရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းအမျိုးသားတစ်ဦးက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ဖတ်ကြားပြီးနောက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ချင်းအမျိုးသားနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဆုရသူများအား ဆုများ အသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ချင်းတိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသော ခူမီးယဉ်ကျေးမှုအဖွဲ့၊ မရာယဉ်ကျေးမှုအဖွဲ့၊ Dia(ဒိုင်) ယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာအကများ၊ ခေတ်ပေါ်အကများ တင်ဆက်ကပြခြင်းနှင့် ချင်းတိုင်းရင်းသားလူငယ်များက တေးသီချင်းများ သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# မြန်မာအသင်းယှဉ်ပြိုင်မည့် ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်ထုတ်ပြန်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

၂၀၁၉ ခုနှစ် ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။ ယင်းပြိုင်ပွဲကို ဂျပန်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ မတ် ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အုပ်စု (က) တွင် မြန်မာ၊ ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်ကလပ် အိုကီနာဝါ ယူ-၁၉ ၊ အုပ်စု (ခ)တွင် ဂျပန်ကလပ် ဇစ်ဆဲအိုနီဂါဝါ၊ လာအို၊ မလေးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်သည်။

ယင်းပြိုင်ပွဲကို ငါးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သောကြောင့် ဗိုလ်လုပွဲကျင်းပမည်မဟုတ်ဘဲ အုပ်စုပတ်လည်ပွဲများသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယခုပြိုင်ပွဲမှာ ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သောကြောင့် အုပ်စုပွဲများကို ဆက်တိုက်ကစားရမည်ဖြစ်ပြီး မြန်မာအသင်းသည် မတ် ၂ ရက်တွင် ဗီယက်နမ်၊ မတ် ၃ ရက်တွင် ဂျပန်၊ မတ် ၄ ရက်တွင် ဂျပန်ကလပ် အိုကီနာဝါ ယူ-၁၉ အသင်း၊ မတ် ၅ ရက်တွင် ထိုင်းအသင်းနှင့် လေးရက်ဆက်တိုက် ယှဉ်ပြိုင်ကစားရမည်ဖြစ် သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို ဒေါ်သက်သက်ဝင်းက နည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

မြန်မာအသင်းသည် လေးရက်ဆက် ကစားရမည်ဖြစ်သောကြောင့် ပွဲပန်းမှုဒဏ်ကို ကြိုတင်ပြင်ဆင်နိုင်ရန် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ ခြေစမ်းပွဲလေးပွဲဆက် ကစားကာ ပြင်ဆင်မှုများပြုလုပ်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အာရှခြေစစ်ပွဲအောင်မြင်ရန် ရည်မှန်းချက်ထားကာ ပြင်ဆင်လျက်ရှိပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ **ရှိုင်းထက်ဇော်**



မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း တိုက်စစ်မှူး စန်းသော်သော်

ဓာတ်ပုံ- စိုးညွန့်

# ဝန်းသိုမြို့တွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ၃၆ ခု ဆောင်ရွက်မည်

**ဝန်းသို ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ၃၆ ခု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒေါင်းမြူးခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် ဝန်းသိုမြို့နယ်အတွင်း ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်း ၂၀၊ တံတားလုပ်ငန်း ခုနစ်ခု၊ ရေရရှိရေးလုပ်ငန်း ငါးခုနှင့် အခြားလုပ်ငန်း လေးခု စုစုပေါင်း လုပ်ငန်း ၃၆ ခုအတွက် ရန်ပုံငွေများကို လုပ်ငန်းကော်မတီများထံသို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဂျပန်ရိုးရာယဉ်ကျေးမှုပြပွဲ စစ်ကိုင်းမြို့နှင့် မုံရွာမြို့တို့၌ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် အခမဲ့ကပြမည်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၀**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးခရီးသွားလုပ်ငန်းကော်မတီနှင့် ဂျပန်ရိုးရာအကအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် Manjushaka ဂျပန်ရိုးရာယဉ်ကျေးမှုပြပွဲကို ဖေဖော်ဝါရီ ၂၄ ရက်ညတွင် စစ်ကိုင်းမြို့နှင့် ဖေဖော်ဝါရီ ၂၅ ရက်ညတွင် မုံရွာမြို့တို့တွင် အခမဲ့ကပြသွားမည်ဖြစ်ကြောင်း သိရသည်။

“ဂျပန်ရိုးရာအကအဖွဲ့က ဖေဖော်ဝါရီ ၂၃ ရက်မှာ စစ်ကိုင်းရောက်ပြီး ဖေဖော်ဝါရီ ၂၄ ရက်ညမှာ စစ်ကိုင်းမြို့တော်ခန်းမမှာ ကပြဖျော်ဖြေမယ်။ ဖေဖော်ဝါရီ ၂၅ ရက်ညမှာ မုံရွာမြို့တော်ခန်းမမှာ ကပြဖျော်ဖြေမယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီနဲ့ ဂျပန်ရိုးရာအကအဖွဲ့နဲ့ ပူးပေါင်းကျင်းပတာပါ။ ဂျပန်အကအဖွဲ့က နိုင်ငံတကာမှာ လှည့်လည်ကပြနေတဲ့အတွက် ဒါတွေကို တခြားနိုင်ငံတွေမှာ မြန်မာနိုင်ငံကအကြောင်းတွေ ခရီးစဉ်တွေချပြကြမှာဆိုတော့ အကျိုးအများကြီးရှိမှာပါ။ မြန်မာနိုင်ငံအကြောင်း တခြားနိုင်ငံတွေကသိရင် ခရီးသွားဧည့်သည်တွေ ပိုဝင်လာမယ့်အကျိုးကျေးဇူးတွေရပါမယ်” ဟု တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

Manjushaka ဂျပန်ရိုးရာယဉ်ကျေးမှုအဖွဲ့သည် နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတွင် ကပြဖျော်ဖြေအပြီးတွင် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကပြဖျော်ဖြေကာ ဂျပန်နိုင်ငံသို့ ပြန်ကြမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်ရိုးရာအကအဖွဲ့တွင် ၁၈ ဦးပါမည်ဖြစ်ပြီး အထောက်အကူပြုအဖွဲ့ဝင် ၁၀ ဦး ပါဝင်မည်ဖြစ်ကာ မုံရွာမြို့တော်ခန်းမ ကပြပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၏ ထင်ရှားကျော်ကြားသော နေရာဒေသဓာတ်ပုံများကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လုပ်အားဒါနအလှူရှင် စေတနာဆရာဝန်ကြီးများအား ဂုဏ်ပြု

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)ရှိ လုပ်အားဒါနအလှူရှင် စေတနာဆရာဝန်ကြီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ အဆိုပါဆေးရုံကြီးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလွင်က ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် စေတနာလုပ်အားအလှူရှင် အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန် ၁၅၁ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို ၁၉၄၀ ပြည့်နှစ် မေ ၈ ရက်တွင် သာမန်ဆေးပေးခန်းလေးအဖြစ် စတင်ခဲ့ပြီး ယခုအချိန်တွင် ဆေးရုံကြီး၌ ၂၀၁၈ ခုနှစ် တစ်နှစ်တာအတွင်း ဆေးကုသမှုမှတ်တမ်းများအရ ရောဂါရှာဖွေပေးခြင်း သံဃာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၂၅၅၈၇ ဦး၊ ပြင်ပလူနာဌာန ၁၁၆၄၆ ဦး၊ အထူးကု ပြင်ပလူနာဌာန ၆၆၅၉၄ ဦးနှင့် အတွင်းလူနာ ၂၃၆၃ ဦးရှိကြောင်း၊ သံဃာတော်နှင့် သီလရှင်များ ဆေးရုံတက်သည့်အခါ နေရာထိုင်ခင်းပြည့်စုံစွာ စီစဉ်ပေးပြီး နံနက်၊ အရုဏ်၊ နေ့ဆွမ်းတို့ကို ဆက်ကပ်ပေးလျက်ရှိသည့်အတွက် ငွေကြေးကုန်ကျမှု လုံးဝမရှိကြောင်း၊ ဆေးရုံကြီးတွင် ပြင်ပလူနာဌာနများကို ရုံးပိတ်ရက်မှအပ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့စမ်းသပ်ကုသနိုင်ရန် ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **အေးမင်းသူ**



**မော်ဘီမြို့နယ်တွင် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက ပြည်သူများအား သက်ငယ်မုဒိမ်းမှုများ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို မော်ဘီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေ ရှင်းလင်းဟောပြောစဉ်။**

ဟန်စိုး

# ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာဖြူဖြူအိ၊ ပါမောက္ခ/ဌာနမှူး၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြုသင်ခန်းစာများကို အပိုင်း(၂)ပိုင်းခွဲ၍ ရှင်းလင်းတင်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကိုတင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို အမှတ်ပြည့်ရရှိအောင်ဖြေဆိုနိုင်မည့် ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို မေးခွန်းပုံစံသစ်ဖြင့် မေးမြန်းမည်ဖြစ်ပါသည်။ မေးခွန်းပုံစံသစ်ကိုလည်း ကြိုတင်ရှင်းပြထားပြီးဖြစ်ပြီး ယခုထပ်မံရှင်းပြသွားပါမည်။ မေးခွန်းတွင် ယခင်ကကဲ့သို့ အပိုင်း(က)နှင့် အပိုင်း(ခ)ဟူ၍ (၂)ပိုင်းခွဲခြားမထားတော့ပဲ (၅)ပုဒ်မေးထားပြီး မေးခွန်းအားလုံးကို ဖြေဆိုရမည်ဖြစ်ပါသည်။ မေးခွန်းထဲမှ အချို့မေးခွန်းများကိုရွေးချယ်ရန် အပုဒ်ရေပိုပေးပြီး ရွေးချယ်ဖြေဆိုရမည်ဖြစ်ပါသည်။ မေးခွန်းပုံစံသစ်ကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

**ဘောဂဗေဒမေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံပြဇယား**

| စဉ် | မေးခွန်းနံပါတ် | မေးခွန်းပုံစံ | ပေးမှတ် | ဖြေရသည့်အမှတ် |
|---|---|---|---|---|
| ၁ | ၁ | ဓမ္မဓိဋ္ဌာန် (က)မှား/မှန်ရွေး ၅<br>(ခ)အဖြေမှန်ရွေးချယ် ၅<br>(ဂ)ကွက်လပ်ဖြည့် ၁၀ | ၂၀ | အားလုံးဖြေ ၂၀ |
| ၂ | ၂ | အဓိပ္ပာယ်သတ်မှတ်ချက်(၂×၁၂) | ၂၄ | ၁၀ ခုဖြေ ၂၀ |
| ၃ | ၃ | ၁၀ မှတ်တန်မှတ်စုတို(၄)ပုဒ်မှ(၂)ပုဒ် ဖြေဆိုရန် | ၄၀ | ၂၀ |
| ၄ | ၄ | အမှတ်၂၀ မေးခွန်းရှည် (၂)ပုဒ်မှ (၁)ပုဒ် ဖြေဆိုရန် | ၄၀ | ၂၀ |
| ၅ | ၅ | တွက်ချက်ရန်ပုစ္ဆာ (၃×၁၀) | ၃၀ | ၂ ပုဒ်ဖြေ ၂၀ |
| **စုစုပေါင်း** | | | **၁၅၄** | **၁၀၀** |

မေးခွန်း(၁) ပုဒ်ချင်းစီအတွက် ရှင်းပြသွားပါမည်။

မေးခွန်းနံပါတ်(၁)တွင် (က)၊ (ခ)နှင့် (ဂ)ဟူ၍ နံပါတ်ငယ်(၃)ခုနှင့်(၃)ပိုင်းထပ်ခွဲထားပါသည်။ ၁။(က)တွင် ဖော်ပြချက်(၅)ခုကို မှား/မှန် ဖြေဆိုရန်ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ၊ သီအိုရီများကို ကျေညက်ပြီး နားလည်သဘောပေါက်မှုကို ဆန်းစစ်သောမေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကျွမ်းကျင်တတ်မြောက်မှုရှိမှသာ ဖြေဆိုနိုင်မည်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ခ)တွင် ဖော်ပြချက်(၅)ခုကို စာကြောင်းတစ်ခုတွင် (က)၊ (ခ)နှင့်(ဂ) အဖြေ(၃)မျိုး ပေးထားပြီး ယင်းထဲမှ အဖြေမှန်ကိုရွေးချယ်ရန်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေမှန်ကို ပေးထားသည့် (က)၊ (ခ) နှင့်(ဂ)ထဲမှ ရွေးချယ်ထားသည့်နံပါတ်ကိုသာ ရေးပေးရန်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ဂ)တွင် ဖော်ပြချက်(၁၀)ခုကို စာကြောင်းအပြည့်အစုံမဖော်ပြဘဲ လိုအပ်သောအဖြေကို ကွက်လပ်ဖြည့်ရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေကိုသာ နံပါတ်တပ်၍ တိကျစွာဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် ဘာသာရပ်ဆိုင်ရာနားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သည့်အနေဖြင့် မေးလေ့ရှိသဖြင့် ဘာသာရပ်ကို နားလည်ကျေညက်မှသာ ဖြေဆိုနိုင်မှာဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁) (က)၊ (ခ)နှင့် (ဂ)အတွက် ရရှိမည့်အမှတ်မှာ (၂၀)မှတ်ဖြစ်ပါသည်။

ယခင်မေးခွန်းပုံစံတွင် မေးလေ့ရှိသောမေးခွန်းပုံစံနှင့် အနည်းငယ်ကွဲလွဲမှုရှိသည်ကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အထူးသတိထားကြရန် သတိပေးလိုပါသည်။

မေးခွန်းနံပါတ်(၂)တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားပါသည်။ သင်ခန်းစာအခန်း(၁)ခန်းစီမှ (၂)ခုစီနှင့် အခန်း(၆) ခန်းအတွက် (၁၂)ခုမေးထားပြီး ယင်းတို့ထဲမှ နှစ်သက်ရာ (၁၀)ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၃)တွင် (၁၀)မှတ်ပေးသည့် မှတ်စုတို(၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း(၁)ပုဒ်လုံးအတွက် ရရှိနိုင်သည့်ရမှတ်မှာ (၂၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၄)တွင် (၂၀)မှတ်ပေးသည့်မေးခွန်းရှည်(၂)ပုဒ်ကိုပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း(၁)ပုဒ်လုံးအတွက် ရရှိနိုင်သည့်ရမှတ်မှာ (၂၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၅)မှာ တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းဖြစ်သည်။ ပေးထားသော စာရင်းအင်းကိန်းဂဏန်းများကိုအသုံးပြုပြီး တွက်ချက်ခြင်း၊ မျဉ်းကွေးများနှင့် ပုံများရေးဆွဲခြင်း စသည်ဖြင့် သီအိုရီသဘောတရားများ နားလည်တတ်ကျွမ်းမှုကိုဆန်းစစ်သော ဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုရန်ဖြစ်သည်။ ယခင်မေးခွန်းပုံစံအတိုင်း မေးခွန်းခွဲ (က)၊(ခ)နှင့်(ဂ)မှ နှစ်သက်ရာ(၂)ပုဒ်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ ယင်းမေးခွန်းအတွက်ရမှတ်မှာလည်း (၂၀)မှတ်ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို ခြုံငုံကြည့်ပါက မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်း(၅)ပုဒ်မေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား(၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်း (၂)အဓိပ္ပာယ်ဖွင့်ဆိုချက်များ (၃)မှတ်စုတိုမေးခွန်း (၄)မေးခွန်းရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းတို့ဖြစ်သည်။

ဆက်လက်၍ ဖြေဆိုပုံဖြေဆိုနည်းနှင့် သတိပြုရန်အချက်များကို ရှင်းလင်းသွားပါမည်။

**ဖြေဆိုပုံဖြေဆိုနည်း**

မေးထားသော မေးခွန်း(၅)ပုဒ်ကိုဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရရန် ဖြေဆိုပုံဖြေဆိုနည်းကို မေးခွန်း(၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

မေးခွန်း(၁-က) ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသောဖော်ပြချက်ကို မှားသလား(သို့)မှန်သလား ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ရေးရန်မလိုဘဲ စာဖြေသူက ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ- “အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသည် အပြည်ပြည်ဆိုင်ရာစီးပွားရေးဆက်ဆံမှု၏ အခြေခံဖြစ်သည်။”ဟူသောဖော်ပြချက်တွင် အဖြေက‘မှန်’ဖြစ်သည့်အတွက် ‘မှန်’ဟုသာ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းစာသားပြန်ရေးရန်မလိုပါ။ ဖြေဆိုရာတွင်လည်း မှား(သို့မဟုတ်)မှန် တိကျပြတ်သားရန်လိုပါသည်။ စာစစ်သူဖတ်၍မရသော၊ မှား/မှန်မကွဲပြားသောအဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် စာဖြေသူက အဖြေကို တိတိကျကျ၊ ပြတ်ပြတ်သားသား၊ ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက်(၅)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်း (၁-ခ) ဤမေးခွန်းတွင်မေးထားသောစာကြောင်းတွင် အဖြေကို (က)(ခ)(ဂ)(၃)မျိုးပေးထားပြီး ယင်းထဲမှ အဖြေမှန်(၁)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ယင်းမေးခွန်းတွင်လည်း မေးခွန်းစာကြောင်းကို ပြန်လည်ရေးရန်မလိုပါ။ ဥပမာ ‘ပြန်းတီးမှုတန်ဖိုးနုတ်ပြီးသောဝင်ငွေသည် (က)အမှန်ဝင်ငွေ (ခ)ငွေကြေးဝင်ငွေ (ဂ)အသားတင်ဝင်ငွေ’ဟူသော မေးခွန်း၏အဖြေမှန်မှာ (ဂ)အသားတင်ဝင်ငွေ ဖြစ်သည်။ ထို့ကြောင့် မေးခွန်း (၁-ခ) မေးခွန်းနံပါတ်သေး(၁) (ဂ)ဟု ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း(၅)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်း(၁-ဂ) ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသောစာကြောင်းတွင် လိုအပ်သည့်ကွက်လပ်ကို အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ စာကြောင်းပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့် အဖြေကိုသာ နံပါတ်တပ်၍ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုပါသည်။ ဥပမာ-‘ကူးသန်းရောင်းဝယ်ရေးဘဏ်များအားလုံးသည် သတ်မှတ်ထားသော အနည်းဆုံး____ကို ဗဟိုဘဏ်တွင် ထားရန်တာဝန်ရှိသည်။’ဟူသောမေးခွန်းအတွက်အဖြေမှာ ‘သီးသန့်ငွေသား’ ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း(၁)ခုလျှင် (၁)မှတ်ဖြင့် (၅)ခုအတွက် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၁)မေးခွန်းအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ် ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒသမတန်း ဘောဂဗေဒဖတ်စာအုပ်မှ သင်ခန်းစာအခန်းတိုင်း၏ အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန်ထည့်သွင်းပေးထားသဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကြိုတင်လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ် (၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုမေးထားရာ၌ ပေးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၂)ခုထဲမှ နှစ်သက်ရာ(၁၀)ခုကိုဖြေဆိုရပြီး တိကျမှန်ကန်ပြည့်စုံပါက (၁)ခုအတွက်(၂)မှတ်အပြည့်၊ မှန်ကန်သော်လည်းမပြည့်စုံပါက (၁)မှတ်နှင့် မှားယွင်းပါက(၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။

ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိကျမှန်ကန်ပြည့်စုံစွာဖြေဆိုရန် လိုအပ်ပါသည်။ အဖြေသည် တိကျမှန်ကန်မှုရှိရန်လိုအပ်ပါသည်။ မှားယွင်းသောအဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမှတ်ပေးခြင်း မရှိကြောင်းကို ဖြေဆိုသူများ အထူးသတိပြုရန် လိုပါသည်။ဥပမာ-‘ထပ်ဆင့်တိုးတန်ဖိုး’၏ အဓိပ္ပာယ်ဖွင့်ဆိုချက် မေးထားခြင်းကို ‘ထပ်ဆင့်တိုးတန်ဖိုးဆိုသည်မှာ ကုန်ကြမ်းတန်ဖိုးတွင် ထပ်ဆင့်တိုးလာသည့်ထုတ်လုပ်မှု၏တန်ဖိုး ဖြစ်သည်။’ဟု ဖြေဆိုရမည့်အစား‘ထပ်ဆင့်တိုးတန်ဖိုးခွန်ဆိုသည်မှာ ကုန်စည်တစ်မျိုး၏ ထုတ်လုပ်မှုဖြစ်စဉ် အဆင့်ဆင့်တွင် ထပ်ဆင့်တိုးလာသောတန်ဖိုးများအပေါ်တွင် ကောက်ယူသည့်အခွန်ဖြစ်သည်။’ဟူသော ထပ်ဆင့်တိုးတန်ဖိုးခွန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မှားယွင်းဖြေဆိုပါက လွဲမှားနေသဖြင့် အမှတ်လုံးဝမရနိုင်ပါ။

ထို့ကြောင့် မှားယွင်းလွယ်သော၊ ဆင်တူရိုးမှားဖြစ်ပြီး အဓိပ္ပာယ်လုံးဝကွဲလွဲသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလွတ်ကျက်ခြင်းထက် သဘောတရားနားလည်စေရန် ပိုမိုလေ့လာထားပြီး မမှားအောင်ဖြေဆိုရန် လိုအပ်ပါသည်။ တစ်ခုလျှင် (၂)မှတ်နှင့် (၁၀)ခုဖြေဆိုရသည့်အတွက် စုစုပေါင်း (၂၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၃)တွင် (၁၀)မှတ်တန်မှတ်စုတို(၄)ခုမေးထားပြီး ယင်းထဲမှ နှစ်သက်ရာ(၂)ပုဒ်ကို ဖြေဆိုရမည် ဖြစ်ပါသည်။ ယင်းမေးခွန်းများတွင် အခန်းသီးသန့်စီခွဲကာ မေးထားခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ အခန်း (၆)ခန်းစလုံးမှမေးနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ရိုးအားလုံးကိုနှံ့စပ်စွာ ကျေညက်အောင် ဖတ်ရှုလေ့လာထားရန် အထူးလိုအပ်ပါသည်။ ဤမေးခွန်းအတွက် ရမှတ်မှာ (၂၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၄)တွင် အမှတ်(၂၀) မေးခွန်းရှည်(၂)ပုဒ်ကိုမေးထားပြီး ယင်းထဲမှ နှစ်သက်ရာ (၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်ပါသည်။ မေးခွန်းရှည်အတွက် ကျောင်းသားများအနေဖြင့် ကျက်မှတ်ရသည်မှာ အနည်းငယ် ခက်ခဲသဖြင့် ယခင်မေးခွန်းဟောင်းတွင် စာဖြေသူအများစုက ဖြေဆိုမှုနည်းပါးသော်လည်း ယခုမေးခွန်းပုံစံသစ်တွင် (၁)ပုဒ်ကို မဖြစ်မနေဖြေဆိုရမည်ဖြစ်သဖြင့် ယခင်ကကဲ့သို့ မလေ့လာပဲချန်လှပ်ထားခြင်းမျိုးမပြုကြရန် အထူး သတိပေးလိုပါသည်။

မေးခွန်းနံပါတ်(၃) မှတ်စုတိုကိုဖြစ်စေ၊ မေးခွန်းနံပါတ်(၄) မေးခွန်းရှည်ကိုဖြစ်စေ ဖြေဆိုရာတွင်လည်း မေးထားသည့်အကြောင်းအရာ၏အဓိပ္ပာယ်ကို ဦးစွာဖွင့်ဆိုသင့်ပါသည်။ ပြီးမှသာ ရှင်းလင်းချက်များကိုဖြေဆိုရပါမည်။ ထို့အပြင် အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးလာပါက စစ်ဆေးသူ ရှင်းလင်းပြတ်သားစွာ စစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို အသေးစိတ် ထပ်မံဖြေဆိုသင့်ပါသည်။

မေးခွန်းနံပါတ်(၅)သည် တွက်ချက်မှုနှင့် ဉာဏ်စမ်းပုစ္ဆာကို (က)(ခ)(ဂ)ခွဲ၍ (၁၀)မှတ်စီမေးထားပြီး နှစ်သက်ရာ(၂)ခုကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် ယူဆချက်မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် ယင်းမေးခွန်းနှင့်ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းလိုပါသည်။

(၁) မေးခွန်းတွင် ကိန်းဂဏန်းအချက်အလက်ကိုအခြေခံပြီး မျဉ်းကွေးများ၊ ပုံများရေးဆွဲခြင်းဖြစ်ပါက ပေးထားသည့်ကိန်းဂဏန်းပေါ်မူတည်၍ စကေးချပြီး မျဉ်းကွေးကို တိကျစွာရေးဆွဲရမည်ဖြစ်ပါသည်။ ဥပမာ - ‘အားမျှခြေဇယား’ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသောမေးခွန်းတွင်ဦးစွာ ‘အားမျှခြေ’၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် မေးခွန်းပါကိန်းဂဏန်းကိုလေ့လာ၍ သင့်လျော်သောစကေးကို ဦးစွာချပြီး ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများအတွက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကိုဆက်လိုက်ခြင်းအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျဉ်းကွေးများကို ရရှိပါမည်။ ဤသို့ရေးဆွဲရာတွင် အမှတ်(၂)ခုစီကိုပေတံဖြင့်မျဉ်းဖြောင့်အတိုင်းမဆက်ရဘဲ အမှတ်အားလုံးကို အစဉ်လိုက် လက်ဖြင့်ပြေပြစ်သောမျဉ်းကွေးအဖြစ် ဆက်ရန်လိုပါသည်။

(၂) ထို့အတူ‘ထုတ်လုပ်နိုင်မှုအခြေပြဇယား’ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသောမေးခွန်းတွင်လည်း ဦးစွာ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး မေးခွန်းပါကိန်းဂဏန်းများကို အခြေခံ၍ သင့်လျော်သောစကေးကိုချကာ ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက်အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကိုဆက်လိုက်ခြင်းအားဖြင့် ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရရှိပါမည်။ ဤတွင်လည်း အစက်များကို အစဉ်လိုက်ပြေပြစ်သော မျဉ်းကွေးအဖြစ်ရေးဆွဲရမည်ဖြစ်သည်။ အခွင့်အလမ်းစရိတ် တွက်ချက်မှုတွင် အခွင့်အလမ်းစရိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တွက်ချက်ရမည့်ပုံသေနည်းကိုဖြေဆိုပြီး မေးခွန်းတွင် မေးထားသည့် အမှတ်(၂)ခုအတွက် အခွင့်အလမ်းစရိတ်ကို တွက်ချက်ပေးရပါမည်။

(၃) အားမျှခြေတွင် ဇယားပေးပြီး အားမျှခြေ၊ ပိုလျှံဝယ်လိုအား၊ ပိုလျှံရောင်းလိုအားတို့ကို ရှာစေသည့်မေးခွန်းအပြင် ဈေးကွက်အားမျှခြေအပေါ်တွင် ဝယ်လိုအားနှင့် ရောင်းလိုအားပြောင်းလဲခြင်းများ၏ အကျိုးသက်ရောက်ပုံကိုလည်း မေးလေ့ရှိပါသည်။ မေးခွန်းတွင် မူလရှိဈေးကွက်အခြေအနေတစ်ခုတွင် ဝယ်လိုအား(သို့)ရောင်းလိုအားကိုပြဋ္ဌာန်းသော အချက်များထဲမှ အချက်တစ်ခုခုကိုပြောင်းလဲစေခြင်းသည် လေ့လာရမည့်ဈေးကွက်အခြေအနေကို မည်သို့အကျိုးသက်ရောက်စေသည်စသည်ကို ပုံနှင့်တကွဖြေဆိုရမှာဖြစ်သည်။

(၄) ကိန်းဂဏန်းအချက်အလက်ကိုအခြေခံပြီး တွက်ချက်စေသောမေးခွန်းတွင် မေးထားသည့်အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ **စာမျက်နှာ ၁၇ သို့ »»**

»»စာမျက်နှာ ၁၆ မှ

ထို့နောက်မှတွက်ချက်မှုကိုပြုလုပ်သင့်ပါသည်။ ဥပမာ တိုင်းပြည်ဝင်ငွေ တွက်ချက်နည်းဆိုင်ရာမေးခွန်းများအတွက် တိုင်းပြည်ဝင်ငွေနှင့် တစ်ဦးကျဝင်ငွေတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး တွက်ချက်မှုကိုဆက်လက်ဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် GDP, GNP, NNPနှင့် တစ်ဦးကျဝင်ငွေအထိမေးလေ့ရှိသည်။ သတိပြုရန်အချက်မှာ ပေးထားသော ကိန်းဂဏန်းများ၏ယူနစ်ကို ပြန်သုံးရန်ဖြစ်သည်။ ဆိုလိုသည်မှာ ပေးထားသည့်တန်ဖိုးမှာ ကျပ်သိန်းပေါင်းဆိုပါက ဖြေဆိုရာတွင် ကျပ်သိန်းပေါင်း၊ ကျပ်သန်းပေါင်းဆိုပါက ကျပ်သန်းပေါင်းဖြင့် တွက်ချက်ဖော်ပြရမည်ဖြစ်သည်။ ဤတွင် ပေးထားသောကိန်းဂဏန်းများကို ချရေးပြရုံဖြင့် အမှတ်မရနိုင်သဖြင့် အဆင့်လိုက်တွက်ချက်သွားရန်နှင့် တွက်ချက်မှုတွင် အသုံးပြုသောလက္ခဏာများကို ဖော်ပြရန်လိုပါသည်။

(၅) ငွေကြေးအရေးအတွက်သီအိုရီမေးခွန်းတွင် ငွေကြေးပမာဏ၊ ဈေးနှုန်းနှင့် ကုန်စည်အရေအတွက်တို့ကို ပေးထားပြီး ငွေကြေးလှည့်ပတ်မှုအရှိန်ကိုရှာရန် မေးလေ့ရှိပါသည်။ ပထမဦးစွာ ငွေကြေးအရေအတွက်သီအိုရီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် ပေးထားချက်များကိုအခြေခံ၍ တွက်ချက်ရန်ဖြစ်ပါသည်။

(၆) အခွန်စည်းကြပ်မှုနှုန်းနှင့်ပတ်သက်၍ ဝင်ငွေအဆင့်အလိုက် စည်းကြပ်သည့်အခွန်နှုန်းကိုတွက်ပြီး ယင်းအခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဍာန်ဖြစ်သည်ကို သုံးသပ်ပြခိုင်းလေ့ရှိသည်။ အိမ်ထောင်စု(၃)ခု၏ ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရမည့်ပမာဏကို ဇယားတွင်ဖော်ပြထားပြီး အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းကိုရှာကာ ယင်းဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဍာန်ဖြစ်သည်ကို သုံးသပ်ပါဟု မေးလေ့ရှိပါသည်။ ဦးစွာ အခွန်စည်းကြပ်မှုပုံသဏ္ဍာန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး အိမ်ထောင်စု (၁)ခုချင်းစီ၏ အခွန်ပမာဏကို တွက်ချက်သုံးသပ်ရမည်ဖြစ်သည်။

(၇) ကုန်ဖလှယ်မှုအချိုးနှင့်ပတ်သက်၍ အခြေခံနှစ်နှင့် အခြားနှစ် (၂)ခုတို့၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကိုပေးထားပြီး ယင်းနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကိုတွက်ချက်ကာ အချိုးပြောင်းလဲခြင်းများကို သုံးသပ်ပြစေလေ့ရှိပါသည်။ ဦးစွာ ကုန်ဖလှယ်မှုအချိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် (၃)နှစ်စလုံး၏ ကုန်ဖလှယ်မှုအချိုးကို (၁)နှစ်စီတွက်ချက်ရပါမည်။ ထိုအခါ အခြေခံနှစ်၏ ကုန်ဖလှယ်မှု အချိုးသည် (၁၀၀)ဖြစ်ပြီး ကျန်(၂)နှစ်တွင် ထွက်ရှိသောအဖြေသည် (၁၀၀)ထက်နည်းပါက အခွင့်မသာသော(သို့)ကျဆင်းသောကုန်ဖလှယ်မှုဟုသုံးသပ်ပြီး (၁၀၀)ထက်များပါက အခွင့်သာသော(သို့) တိုးတက်သောကုန်ဖလှယ်မှုဟု သုံးသပ်ဖြေဆိုရပါမည်။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် ပုံစံအသစ်ဟုဆိုသော်လည်း များစွာပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ကို ခြုံငုံမိသော လေ့လာမှုဖြစ်လာစေရန်ရည်ရွယ်ကာ ရွေးချယ်ရန်များစွာပေးထားခြင်းကိုလျှော့ချပြီး ကိုယ်ပိုင်စဉ်းစားတွေးခေါ်ဖြေဆိုရသည့်မေးခွန်းမျိုးကို ပေါင်းစပ်မေးမြန်းသွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဖြေဆိုရန်အတွက်ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နားလည်သဘောပေါက်အောင်လေ့လာပြီး ကျေညက်အောင်မှတ်သားထားပါက အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မှာဖြစ်ပါသည်။ မေးခွန်းသည် ကျက်မှတ်သည့်အတိုင်းဖြေဆိုရသည့်မေးခွန်းများပါဝင်သည့်အပြင် ကိုယ်ပိုင်စဉ်းစားတွေးခေါ်ဖြေဆိုရသည့် မေးခွန်းမျိုးကိုပါ ထည့်သွင်းထားခြင်း၊ ရွေးချယ်ရန် ပုဒ်ရေအနည်းငယ်လျှော့ထားခြင်းတို့ကြောင့် ဖြေဆိုသူ ကျောင်းသားကျောင်းသူများအနေဖြင့် ပိုမိုဂရုစိုက်လေ့လာထားရန် အထူးအသိပေးလိုပါသည်။ ဖြေဆိုသူ ကျောင်းသားကျောင်းသူများအားလုံး အောင်မြင်ပါစေဟုဆုတောင်းရင်း ပို့ချချက်ကို ရပ်နားလိုက်ပါသည်။ ။

# ကမ္ဘာလှည့်အပျော်စီးသင်္ဘော မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း(MITT)သို့ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောတစ်စင်းသည် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၃ နာရီခွဲခန့်၌ ဆိုက်ကပ်ခဲ့သည်။

အဆိုပါ သင်္ဘောသည် ဘဟားမား(BAHAMAS) နိုင်ငံပိုင် MV.WORLD ODYSSEV အပျော်စီးကမ္ဘာလှည့်သင်္ဘောကြီးဖြစ်ပြီး သင်္ဘောပေါ်တွင် ဂရိနိုင်ငံသား Captain Mr. Konstantions Saimantas ဦးဆောင်သောသင်္ဘောအမှုထမ်း ၁၇၆ ဦး၊ ကမ္ဘာလှည့်ခရီးသည် အမေရိကန်နိုင်ငံသား Mr.Kylie Jordan Abler ဦးဆောင်သော ခရီးသည် ၆၉၆ ဦး လိုက်ပါလျက် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းဆိပ်ကမ်းမှတစ်ဆင့် လာရောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသင်္ဘောသည် ဖေဖော်ဝါရီ ၂၄ ရက်တွင် သီလဝါဆိပ်ကမ်းမှတစ်ဆင့် အိန္ဒိယနိုင်ငံကိုးချင်းဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာသွားမည်ဟု ကမ္ဘာလှည့်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ကမ္ဘာလှည့်ခရီးသွားများသည် သတ်မှတ်ရက်အတွင်းရန်ကုန်မြို့၏ အထင်ကရနေရာများနှင့် မြန်မာပြည်၏အထင်ကရ နေရာများသို့သွားရောက်လည်ပတ်လေ့လာသွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့တပ်ဖွဲ့စု (ရန်ကုန်)မှ အနီးကပ်လုံခြုံရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ နွေစပါးစိုက်ဧက ၁၂၈၀၀ အတွက် ဆည်ရေပေးဝေ

**ဖြူး ဖေဖော်ဝါရီ ၂၀**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး (၁) က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ နွေစပါးစိုက်ဧက ၁၂၈၀၀ အား ဆည်ရေပေးဝေလျက်ရှိသည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း အား ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရေအားလျှပ်စစ် ၂၀ မဂ္ဂါဝပ် နှစ်လုံး ၄၀ မဂ္ဂါဝပ် ထုတ်လုပ်ရန်နှင့် ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များမှ လယ်ဧက ၉၀၀၀၀ အား ဆည်ရေပေးဝေရန် ရည်ရွယ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုအခါ ရေလှောင်တမံ၊ ရေအားလျှပ်စစ်စက်ရုံနှင့် ရေလွှဲဆည်တို့မှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သော်လည်း ဆည်ရေသောက်စနစ်လုပ်ငန်းများမှာ ၁၈ ဒသမ ၆၂ ရာခိုင်နှုန်းသာ ပြီးစီးသေးကြောင်း၊ ပြီးသလောက် ဆည်ရေသောက်စနစ်များဖြင့် နွေစပါးစိုက်ပျိုးနိုင်ရန် ရေပေးဝေနေခြင်း ဖြစ်ရာ ၂၀၁၇-၂၀၁၈ ခုနှစ်က နွေစပါးဧက ၅၀၀၀ အတွက်သာ ဆည်ရေပေးဝေနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဧက ၁၂၈၀၀ အတွက် ပေးဝေနိုင်ခဲ့သဖြင့် ပြီးခဲ့သည့်နှစ်ကထက် ဧက ၇၈၀၀ ပိုမို၍ ဆည်ရေ ပေးဝေနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



ဖြူးချောင်းဆည်ရေဖြင့် စိုက်ပျိုးလျက်ရှိသောနွေစပါးစိုက်ကွင်းများအတွင်းသို့ ဖေဖော်ဝါရီ ၁၀ ရက်က ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် မြို့နယ်စိုက်ညှိအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများပါဝင်သော အဖွဲ့ဖြင့် ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး နွေစပါးစိုက်တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးကာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ကျီးမနိုးကျေးရွာမှ နွေစပါးစိုက်တောင်သူ ဦးဖိုးဝိုက "ကျွန်တော့်ဘဝ တစ်သက် ဒီလို နွေစပါးစိုက်ပျိုးရလိမ့်မယ်လို့ မျှော်မှန်းမထားမိပါဘူး။ အခု ခြောက်ဧက စိုက်ပျိုးထားပါတယ်။ နောက်နှစ်တွေမှာ အခုထက်ပိုပြီး တိုးချဲ့စိုက်ပျိုးမယ်လို့ ဆုံးဖြတ်ထားပါတယ်" ဟု ပြောသည်။

လာမည့်နှစ်များတွင် နှစ်သီးစားမှ သုံးသီးစားအထိ တိုးချဲ့စိုက်ပျိုးကြမည်ဖြစ်ကြောင်း တောင်သူများက ပြောကြားသည်။ **ဖြူးမြင့်ဦး**

# ဂျပန်က လှူဒါန်းသည့် ကစ္ဆပနဒီ-၃ ရေယာဉ် မတ် ၁၀ ရက်တွင် ရောက်ရှိမည်



**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဂျပန်နိုင်ငံ The Economic and Social Development Programme FY 2016 အစီအစဉ်အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲတွင်အသုံးပြုရန်အတွက် ဂျပန်ပြည်သူများက ပေးပို့လှူဒါန်းသည့် ကစ္ဆပနဒီ-၃ ရေယာဉ်သည် မတ် ၁၀ ရက်တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိရန် ခန့်မှန်းထားကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒုတိယရေကြောင်းဌာနမှူးချုပ် ဦးအောင်ကျော်စိုးက ပြောသည်။

"ဂျပန်ပြည်သူတွေ လှူဒါန်းတဲ့ ဒီရေယာဉ်က ကျောက်ဖြူမြို့ကို မတ် ၁၀ ရက်ကိုရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ရခိုင်ဒေသခံပြည်သူတွေ သွားလာမှုလွယ်ကူချောမွေ့စေဖို့ စစ်တွေနဲ့ ကျောက်ဖြူမြို့ကြားမှ ပြေးဆွဲသွားဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်" ဟု ဦးအောင်ကျော်စိုးက ပြောသည်။

အဆိုပါ ကစ္ဆပနဒီ - ၃ ရေယာဉ်ကို ဂျပန်နိုင်ငံ ယိုကိုဟားမားဆိပ်ကမ်းမှ MV V ISUZU VOY.NO.034 ရေယာဉ်တင်သင်္ဘောဖြင့် တင်ဆောင်ကာ ဖေဖော်ဝါရီ ၁၈ ရက်မှစပြီး ကျောက်ဖြူမြို့သို့ ဦးတည်ထွက်ခွာလာကြောင်း သိရသည်။

ယခုအခါ ဂျပန်နိုင်ငံက ပေးပို့လှူဒါန်းထားသည့်ကစ္ဆပနဒီ အမှတ်(၁)နှင့်(၂)တို့သည် စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့အကြား အလှည့်ကျ ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုရောက်ရှိမည့် ကစ္ဆပနဒီ - ၃ ရေယာဉ်သည် ခရီးသည် ၁၅၀ တင်ဆောင်နိုင်သည့် ရေယာဉ်ဖြစ်ကြောင်း၊ ရခိုင်ပြည်သူများသွား လာမှုလွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**



ပေါင်မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ကဒုံစီးရပ်ကွက်နှင့် ကျွဲခြံကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့တွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အထကခွဲ သဖြူချောင်နှင့် အထကခွဲ မင်းတန်းကျောင်းတို့တွင် လည်းကောင်း သက်ငယ်မုဒိမ်းမှုကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးဥပဒေဆိုင်ရာများ၊ ယာဉ်စည်းကမ်းဆိုင်ရာ ဥပဒေနှင့်ပတ်သက်သည်များကို ပညာပေးဟောပြောစဉ်။

ဝရဇိန်(ပေါင်)

# ရန်ကင်းကလေးအထူးကုဆေးရုံကြီးမှ ကုသမှုခံယူနေသောကလေးများအား ကိုရီးယားနိုင်ငံမှ ပရဟိတအဖွဲ့က ဆေးရောင်ခြယ်ကစားနည်းများ ပြုလုပ်ပေး

**ရန်ကုန်  ဖေဖော်ဝါရီ ၂၀**

ကိုရီးယားနိုင်ငံ Woori Bank Myanmar Global နှင့်Childfund Korea အဖွဲ့များက ရန်ကင်းကလေးဆေးရုံကြီးတွင် ကုသမှုခံယူနေသော ကလေးလူနာများအား အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ ဆေးရောင်ခြယ်ခြင်းနှင့် ကစားနည်းများကစားခြင်းတို့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကင်းကလေး ဆေးရုံကြီး ညီလာခံခန်းမ၌ ကျင်းပသည်။

"ကျွန်တော်တို့ Woori Bank Myanmar ဝန်ထမ်းတွေက လစာထဲက တစ်နိုင်တစ်ပိုင်ကို ပရဟိတလှူပ်ရှားမှုအတွက် စုဆောင်းထားကြပါတယ်။ အဲဒီစုဆောင်းငွေနဲ့နှစ်စဉ်Woori Bank လက်အောက်ခံရုံးခွဲတွေ ဖွင့်ထားတဲ့ နိုင်ငံတွေမှာလှည့်လည်ပြီး ပရဟိတလုပ်ငန်းတွေကို ပြုလုပ်ကြပါတယ်။ ဒီနှစ်မှာ မြန်မာနိုင်ငံကို ဒုတိယအကြိမ်မြောက် လာရောက်လှူဒါန်းရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ၂၀၁၃ ခုနှစ်မှာ လှိုင်သာယာမြို့နယ်အတွင်းက ဝင်ငွေနည်းတဲ့မိသားစုတွေအတွက် စာသင်နိုင်ဖို့ ပတ်ဝန်းကျင်ကောင်းရရှိရန် ရည်ရွယ်ပြီး စာသင်ကျောင်းများကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်" ဟု မန်နေဂျင်းဒါရိုက်တာMr. Ahn Jung kyun က ပြောကြားသည်။

အဆိုပါ အဖွဲ့သည် ရန်ကင်းကလေးဆေးရုံကြီးတွင် Woori Bank Childfund Korea နှင့် JBJ entertainment တို့က ဆေးရုံနံရံများတွင် ရုပ်ပုံရေးဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ အားကစားကွင်းပြန်လည်ပြုလုပ်ပေးခြင်း၊ ဆေးရုံမျက်နှာစာများ ပြုပြင်ပေးခြင်းတို့အတွက် ငွေကျပ်သိန်း ၅၀၀ ကျော်နီးပါး အကုန်အကျခံလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ ရန်ကင်းကလေး ဆေးရုံကြီးသည် ရန်ကုန်မြို့ရှိကလေးအထူးကုဆေးရုံကြီးတစ်ရုံအနက် ခုတင် ၅၅၀ ဆံ့ ဆေးရုံဖြစ်ပြီး ဆေးတက္ကသိုလ်(၂)၏ သင်ကြားရေးဆေးရုံအဖြစ် တွဲဖက်ထားကြောင်း သိရသည်။ ဆေးရုံတွင် နေ့စဉ်အတွင်းလူနာ ၄၀၀ မှ ၄၅၀ ကြားခန့်ရှိပြီး အသက် ၁၂ အောက် ကလေးငယ်များကို လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။



**ဗလစိုး**

# နွေစပါး ၃၀၉၁၉ ဧကကို အကျိုးပြုသော ဇီးဖြူကုန်းရေထိန်းတံခါး

**ရန်ကုန်  ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ ဇီးဖြူကုန်းရေထိန်းတံခါးသည် တိုးမြစ်မှတစ်ဆင့် တွံတေးတူးမြောင်းမှ ဝင်ရောက်လာသော ရေချိုများအား သိုလှောင်ထားရှိခြင်းဖြင့် ရွှေမယင်းကွင်း အတွင်း ယခု ၂၀၁၈-၂၀၁၉ ခုနှစ် နွေစပါးစိုက်ရာသီတွင် စပါးစိုက်ဧက ၂၇၀၉၄ ဧက လျာထားဆောင်ရွက်ခဲ့ရာ လျာထားချက်ထက်ကျော်လွန်၍ ၃၀၉၁၉ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

တွံတေးမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မိုးစပါး ၈၁၂၆၆ ဧကနှင့် နွေစပါး ၂၇၀၉၄ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ရွှေမယင်းကွင်းသည် တွံတေးမြို့နယ်၏ စပါးအများဆုံးစိုက်ပျိုးရာဒေသဖြစ်ပြီး ဇီးဖြူကုန်းရေထိန်းတံခါးမှ အဓိကရေထိန်းရေထုတ်နုတ်ပေးနေခြင်းဖြစ်သည်။

နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် တိုးမြစ်မှဝင်ရောက်လာသော ရေချိုများအား တွံတေးတူးမြောင်းမှတစ်ဆင့် ဇီးဖြူကုန်းရေတံခါးမှ ရေသွင်း၍ ရေချိုသိုလှောင်ပြီး စိုက်ပျိုးရေနှင့် အောင်ရေတို့ဖြင့် နှစ်စဉ်နွေစပါးစိုက်ပျိုးထုတ်လုပ်ခဲ့သည်။ တွံတေးတူးမြောင်းသည် ဒီရေအတက်အကျရှိသော တူးမြောင်းဖြစ်ပြီး နှစ်စဉ် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ရန်ကုန်မြစ်ဘက်မှ ပင်လယ်ရေငန်များ ဝင်ရောက်လေ့ရှိသဖြင့် နွေစပါးစိုက်ပျိုးမှုကို မထိခိုက်စေရန် ဇီးဖြူကုန်းရေတံခါးမှ ရေတံခါးများ ပိတ်၍ ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးလျက်ရှိသည်။

တွံတေးမြို့နယ်အတွင်းရှိ ရွှေမယင်းကွင်းအတွင်း မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် နွေအခါတွင် တိုးမြစ်မှတစ်ဆင့် တွံတေးတူးမြောင်းမှဝင်ရောက်လာသော ရေချိုများအား သိုလှောင်ထားရှိခြင်းဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရုံသာမက နွေစပါးများတိုးချဲ့စိုက်ပျိုးလာနိုင်ရန် ရေတံခါး ခုနစ်ခုပါ ဇီးဖြူကုန်းရေတံခါးကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၁၉၉၈ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ရေတံခါး တည်ဆောက်ပြီးစီးသည့်နောက်တွင် မိုးစပါး တိုးတက်စိုက်ပျိုးလာနိုင်သည်သာမက နွေစပါးကိုပါ ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **နေလင်း**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယူနန်ပြည်နယ်အပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအရှေ့မြောက်ဒေသ၊ အလယ်ပိုင်းဒေသနှင့် အရှေ့ပိုင်းဒေသတို့ရှိ ပြည်နယ်အချို့ရှိ ဝက်ခြံပေါင်း ၁၀၄ ခြံတွင် ရောဂါပျံ့နှံ့ဖြစ်ပွားခဲ့ပြီး ဝက်ကောင်ရေ ၉၅၀၀၀၀ အား သုတ်သင်ရှင်းလင်းခဲ့ရသောကြောင့် မိမိနိုင်ငံရှိဝက်ခြံများကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အိမ်မွေးဝက်များကိုအပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်းမရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်း မပြုလုပ်ရန်၊
(ဃ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရန်၊
(စ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊ ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ဆ) ပြည်ပမှ တရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခံဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ဇ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဈ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ည) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**


## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ၂၀၀၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံ၌ ရောဂါဖြစ်ပွားမှု ၈၆၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသည့်လူဦးရေ ၄၅၄ ဦးရှိခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံအသီးသီးတွင် ရာသီမရွေးဖြစ်ပွားနိုင်သဖြင့် မိမိနိုင်ငံရှိ ကြက်၊ ဘဲ၊ ငုံးခြံများတွင်လည်း ဇီဝလုံခြုံမှုစနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲနှင့် ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ကြက်၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်းပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(ဃ) ကြက်ငှက်များကိုကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(င) အသား၊ ဥတို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်၊
(စ) ကြက်ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**


"Chinese New Year Promotion"
12 လစာ ပေးရုံဖြင့် 15 လစာ နေထိုင်နိုင်မည့်အခွင့်အရေး








➤ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ယာရှိ ၂ထပ်လုံးချင်းဆိုင်ခန်းများ၊ ၂ထပ်လုံးချင်းအိမ်များအား ကုမ္ပဏီမှတိုက်ရိုက်ဌားရမ်းပေးနေပါပြီ။
➤ အကျိုးဆောင်ခပေးရန်မလိုပါ၊ အရေအတွက်ကန့်သတ်ထားပါသည်။



ဖုန်း-၆၅၀၅၃၅၊၆၆၆၁၈၃၊၆၅၁၄၃၆၊၀၉-၇၃၁၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။










ROYAL MAUNG BAMAR RESIDENCE ၂၀၁၉ ခုနှစ် ဒုတိယအကြိမ် အထူးအရောင်းပြပွဲအား ဖေဖော်ဝါရီလ (၂၃) (၂၄) ရက်နေ့များတွင် အမှတ်(၁၅၊၁၅-က) ဓမ္မာရုံလမ်း လှိုင်မြို့နယ်ရှိ PROJECT တည်ရှိရာနေရာတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် လာရောက်လေ့လာဝယ်ယူနိုင်ပါသည်။















Show Room : Tower (A),Unit-1B,Royal Sin Min Condo,Corner Of Strand Rd & Ahlone St,Ahlone Twp,Yangon.
Ph : 09-5022717, 01-218023, 09-250076710, 09-450208797. Email : ngbm.con@gmail.com Website: www.naygabarmyanmar.com


SHWE TAUNG
Real Estate
2019
ပျော်ရွှင်ဖွယ်ရာ နှစ်သစ်ကူးအထူးအစီအစဉ်
8%
ရင်းနှီးမြှုပ်နှံမှုတိုင်းအတွက်
အာမခံဝင်ငွေရရှိနိုင်မည့်
အခွင့်အရေး
အဆင်သင့်နေထိုင်အသုံးပြုနိုင်သော
အဆင့်မြင့်ကွန်ဒိုမီနီယံများ နှင့် ရုံးခန်းများ
HOTLINES:
09-255111888 / 01-9253379
CRYSTAL TOWER + CRYSTAL RESIDENCES + HILLTOP VISTA + TWIN CENTRO + MALIKHA
Fully Furnished & Fitted Apartments + Fitted Office Units + Ready Tenants Available + While Stocks Last
Conditions Apply: Free Legal Fees + Free Furniture + Free Shopping Vouchers + Commission to Registered Agents

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ရခိုင်ပြည်နယ် သံတွဲမြို့ Jasmine Ngapali Resort ၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်(MRTV)၊ မြန်မာ့အသံရေဒီယိုအစီအစဉ်နှင့် MRTV Facebook တို့တွင် နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနားကျင်းပမည့် သံတွဲမြို့ ငပလီကမ်းခြေ သဘာဝအလှကို တွေ့ရစဉ်။ ဓာတ်ပုံ-မင်းသစ်

# ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၈) ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၈) ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ ဇယားထိပ်ပိုင်းနှင့် အောက်ပိုင်းမှအသင်းများ နိုင်ပွဲရရှိခဲ့သည်။ ဇယားထိပ်ပိုင်းမှ MIC၊ VUC၊ GV Athletic နှင့် မြို့မ YTD တို့ အသင်းလေးသင်းစလုံး နိုင်ပွဲရခဲ့သလို ဇယားအောက်ဆုံးမှ အသင်းနှစ်သင်းဖြစ်သည့် MFF ယူ-၁၉ နှင့် White Colour အသင်းလည်း နိုင်ပွဲပြန်ရခဲ့သည်။

ပွဲစဉ် (၁၈) တွင် GV Athletic အသင်းက ရွှေမြဝတီအသင်းကို သုံးဂိုး-တစ်ဂိုး၊ MFF ယူ-၁၉ အသင်းက AMM အသင်းကို ရှစ်ဂိုး-သုံးဂိုး၊ မြို့မ YTD အသင်းက Comrade အသင်းကို လေးဂိုး-တစ်ဂိုး၊ VUC အသင်းက Titan XII အသင်းကို ကိုးဂိုး-နှစ်ဂိုး၊ MIC အသင်းက UPT အသင်းကို ၁၃ ဂိုး-တစ်ဂိုး၊ White Colour အသင်းက PU အသင်းကို ကိုးဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၁၈) အပြီးတွင် MIC အသင်းက ၅၄ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး VUC အသင်းက ၅၁ မှတ်၊ GV Athletic အသင်းနှင့် မြို့မ YTD အသင်းက ၃၆ မှတ်စီ၊ UPT အသင်းက ၂၇ မှတ်၊ ရွှေမြဝတီ အသင်းနှင့် AMM အသင်းက ၂၄ မှတ်စီ၊ Comrade အသင်းက ၁၇ မှတ်၊ MFF ယူ-၁၉ အသင်းက ၁၅ မှတ်၊ Titan XII အသင်းနှင့် PU အသင်းက ၁၃ မှတ်စီ၊ White Colour အသင်းက ရှစ်မှတ်ရရှိထားသည်။ **ရှိုင်းထက်ဇော်**

## ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ကျောင်းသင်ခန်းစာ စာမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ကျောင်းသင်ခန်းစာ စာမျက်နှာပါရှိပါသည်။ **(စာ-၁၆၊ ၁၇)**

# မတ်လတွင် ကျင်းပမည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၁၈ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ မတ် ၂၃ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၁၈ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ ကမ်းလှမ်းခဲ့ရာ အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာရှယူ-၁၉ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၁၈ အသင်းဖြင့် ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်၊ မြန်မာ၊ ထိုင်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး တရုတ်(တိုင်ပေ)အသင်းမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ရန် နီးစပ်လျက်ရှိသည်။

မြန်မာ ယူ-၁၈ အသင်းသည် ဇန်နဝါရီလကမှ နည်းပြအပြောင်းအလဲပြုလုပ်ထားပြီး နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၈ အသင်းသည် ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ကစားသမားများ၏ ခြေစွမ်းအပေါ် မူတည်၍ အပြောင်းအလဲပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် လက်ရှိတွင် MNL ယူ-၂၀ ပြိုင်ပွဲ၌ MFF Youth အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ဦးစိုးမြတ်မင်းသည် မြန်မာ ယူ-၂၂ အသင်းတွင်လည်း လက်ထောက်နည်းပြအဖြစ် ပူးတွဲတာဝန်ပေးအပ်ခံထားရသောကြောင့် လက်ရှိတွင် မြန်မာ ယူ-၂၂ အသင်းနှင့် ပူးပေါင်းနိုင်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ထောက်နည်းပြတစ်ဦး ခန့်အပ်မည်ဖြစ်ကာ ယင်းနည်းပြဖြင့် ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**



မြန်မာ ယူ-၁၈ အသင်း လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်





